ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့၊ (16-6-2005) (၄၆၂၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်၊ ဇီချွမ်နှင့် ကွေ့ကြိုးပြည်နယ်များနှင့် ရှင်ကျန်ဝေဂါ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာသည် ပင်မအကျဆုံး ဘိုးဘွားအမွေအနှစ်ဖြစ်၍အမွေအနှစ်များကို မျိုးဆက်သစ် တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက် ဒို့တာဝန်အရေး(၃)ပါးနှင့် ဦးတည်ချက်(၁၂)ရပ်သည် အမျိုးသားရေးမူဝါဒနှင့် ကျင့်စဉ်ဖြစ် နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေ အမျိုးသားရေးမူဝါဒနှင့် ကျင့်စဉ်၊ နိုင်ငံရေးလုပ်ငန်းစဉ်များအတိုင်း ခေတ်မီနိုင်ငံတော် တည်ဆောက်

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✡

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၆-၆-၂၀၀၅
(ကြာသပတေးနေ့)

မြို့ပြသန့်ရှင်း စိမ်းလန်းစိုပြည်ရေးဖော်ဆောင် ရန်ကုန်မြို့တော်ကို ဥယျာဉ်မြို့တော်အဖြစ် တိုးမြှင့်

မျက်မှောက်ခေတ်တွင် ကမ္ဘာ့နေရာဒေသ အနှံ့အပြား၌ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်နေသည်။ ကမ္ဘာ့မြေပြင်၏ အစိတ်အပိုင်းအချို့တွင် လယ်ယာမြေများ အရည်အသွေးနိမ့်ကျနေမှု အပါအဝင် သစ်တောပြုန်းတီးမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ အက်ဆစ်မိုး ရွာသွန်းမှုနှင့် မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေသည်။

ထို့အပြင် နိုင်ငံများစွာတို့၌ ပင်လယ်များ၊ မြစ်များမှ ရေထုညစ်ညမ်းမှုများ၊ ရာသီဥတုပြောင်းလဲမှုများနှင့်အတူ သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံ မျိုးကွဲများ လျော့နည်းပြုန်းတီး ပျောက်ကွယ်လာမှုများနှင့်လည်း တွေ့ကြုံနေကြရသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ ယိုယွင်းပျက်စီးမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်လာကြသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များမှ ကာကွယ်ထိန်းသိမ်းနိုင်ရန် အပြည်ပြည်ဆိုင်ရာအဆင့်နှင့် နိုင်ငံအဆင့် နှစ်မျိုးစလုံးတွင် အားထုတ်ကြိုးပမ်းနေကြပြီဖြစ်သည်။

လူဦးရေတိုးပွားလာမှုနှင့် မြို့ပြအခြေအနေများ ပြန့်ပွားဖြန့်ကြက်လာမှုသည်လည်း သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများစွာ ဖြစ်ပေါ်စေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြို့ပြလူဦးရေ လျင်မြန်စွာ တိုးတက်လာခြင်း၊ အခြေချ နေထိုင်မှုတိုးချဲ့လာခြင်းများကြောင့် အပင်အမျိုးမျိုး၊ မြက်ခင်းများနှင့် မြို့ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများ ပျောက်ကွယ်စေကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံတွင်လည်း အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လူဦးရေတိုးတက်လျက်ရှိသည်။ မြို့ပြများသို့ ပြောင်းရွှေ့ နေထိုင်မှုများ တိုးပွားလာခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိမြို့ကြီးများတွင် အိမ်ရာစီမံကိန်း အသစ်များ ဖော်ထုတ်ပြီး မြို့ပြရပ်ကွက်များ၌ ပြန်လည်နေရာချထားပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် မြို့ပြသန့်ရှင်းစိမ်းလန်းစိုပြည်ရေး အစီအမံများကို နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ပြီး သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားများ နိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိသည်။

ရန်ကုန်မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည်စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စီမံကိန်းချမှတ် လုပ်ကိုင်လျက်ရှိသည်။ အဆိုပါ စီမံကိန်းသည် ရန်ကုန်မြို့တော်ဝန်းကျင် စိုက်ပျိုးရေးနှင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေသည်။ ရန်ကုန်တိုင်းအတွင်း ရေထိန်းတံခါးများ၊ ဆည်တမံအသေးစားများနှင့် ရေသွယ်တူးမြောင်းများကို ဆက်စပ်တည်ဆောက်ပေးလျက်ရှိရာ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ သီးထပ် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုလျက်ရှိပေသည်။

ရန်ကုန်မြို့တော်ကိုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ အရှေ့တောင်အာရှဒေသ၏ ဥယျာဉ်မြို့တော်အဖြစ် တိုးမြှင့်ဖော်ဆောင်နေသည်။ မြို့တော်၏ သဘာဝပတ်ဝန်းကျင်နှင့် မြေရှုခင်းသွင်ပြင် ထိန်းသိမ်းရေး တိုးတက်ကောင်းမွန်စေရန် စီစဉ်လျက်ရှိသည်။

ဥယျာဉ်ပန်းခြံများ၊ ကန်တော်ကြီးနှင့် အင်းလျားကန်တစ်ဝိုက် ပတ်ဝန်းကျင်သာယာလှပရေး၊ ပြည်သူများ အပန်းဖြေ အနားယူရန်နှင့် ပတ်ဝန်းကျင်ပညာပေး ဇုန်နယ်မြေအဖြစ် တည်ဆောက်လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုနိုင်ငံတော်တစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိနေရာ ပြည်သူများအနေဖြင့် ဒေသအလိုက် မြို့ပြသန့်ရှင်းသပ်ရပ် စိမ်းလန်းစိုပြည်ရေးနှင့် ရန်ကုန်မြို့တော်ကို ဥယျာဉ်မြို့တော်အဖြစ် အဆင့်တိုးမြှင့်နိုင်ရေး ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးရွာလုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲအခမ်းအနား ကျင်းပ ပဲခူးတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၁၅

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာ ကျေးရွာလုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းပညာရေးမှူးဦးသုခနှင့် တိုင်း၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူးက အမှာစကား ပြောကြားပြီး ဒိုက်ဦးမြို့နယ် ပညာရေးမှူး ဒေါ်ရီရီညွှန့်က မြို့နယ်အတွင်း စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

စာဖတ်စွမ်းရည်ပြသ

ဆက်လက်၍ အိမ်ခြေလေးဆယ်ကျေးရွာ စာဖတ်ဝိုင်းများမှ သင်တန်းသားများက စာဖတ်စွမ်းရည်ပြသကြပြီး တိုင်းမှူး၏ဇနီးက စာဖတ်ဝိုင်းများမှ သင်တန်းသူနှစ်ဦးအား စာဖတ်စွမ်းရည်မြှင့်တင်ရေးအထောက်အကူပြု စာအုပ်စာတန်းများကို လည်းကောင်း၊ သင်တန်းဆရာမနှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်ကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာတွင်လူဦးရေ၄၇၅ဦး ရှိသည့်အနက် စာမတတ်သူ ၁၃၅ဦး ရှိခဲ့ရာ ယခုအခါ အဆိုပါ ၁၃၅ဦးလုံး စာတတ်မြောက်ပြီဖြစ်၍ ကျေးရွာလုံးကျွတ် စာတတ်မြောက်ပြီဖြစ်သည်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါဂျာနယ်တွင် သျှင်ပညာဇောတ၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ သက်သက်သင်း (ပညာရေး)၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ ဇေယျာအောင်စိုး၊ လေးဝတီကျော်၊ မြတ်ရည်မွန်၊ ကျော်ဇင်ဝင်း(ပဲခူး)၊ ကနောင်မောင်မောင်၊ ကဝါလမိုင်းယောဟန်၊ ခြိမ့်နိုင်၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ မော်ကြီး၊ မရွှေမှုံ၊ စိုးအောင်၊ ခေတ္တရာဆရာကျော်၊ အေးဝေ(သရက်)၊ မြန်မာပြည်ဆရာဟိန်းတို့၏ သုတရသဆောင်းပါးများ၊ ဦးထွန်းထွန်းဦး(မပခ)၊ မောင်ချစ်ခင်(မြိုင်)၊ စွမ်းဝေ(ဇီးကုန်း)တို့၏ ကဗျာများ၊ ရုပ်ရှင်၊ ဗီဒီယိုအညွှန်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြောသင်ခန်းစာတို့ဖြင့် စုံလင်စွာ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

လူငယ့်အားမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၁၅

ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် လူငယ့်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၈နာရီက ငွေးပင်ကျေးရွာအုပ်စု ထန်းပင်ချောင်းကျေးရွာရှိ စာကြည့်တိုက် အဆောက်အအုံ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးနှင့် ငွေးပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ထန်းပင်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်စိုးတင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးကိစ္စရပ်များကို ဟောပြောဆွေးနွေးကာ ငွေးပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းကြပြီး ဌာနဆိုင်ရာများက ပလတ်စတစ်ထိုင်ခုံ အလုံး ၂၀ကို လှူဒါန်းကြသည်။ (သတင်းစဉ်)

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများအား ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ရက်က မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကံလှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၏ သား၊သမီးများ စုစုပေါင်း ၉၈၃ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၅၂၃၅၀၀ကို မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းလှဲ့က မြို့နယ်ရဲတပ်ဖွဲ့မှူးများ၏ ဇနီးများအား ပေးအပ်သည်။ (မိခင်နှင့်ကလေး)

ဗဟန်းမြို့နယ် ဆရာစံလမ်း အမှတ် (၄၆/က)နေ ဦးအောင်နိုင်မြင့်-ဒေါ်သီတာမောင်မောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဇွန် ၄ရက်က ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။
(က-ပ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၅

International Day Against Drug Abuse and Illicit Trafficking

26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

Value yourself ---make healthy choices

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဧရာဝတီတိုင်း ၂၀၀၅/၂၀၀၆ ခုနှစ် မိုးရာသီ စိုက်ပျိုးရေး တိုးတက် မြင့်မားရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တိုးတက်မြင့်မားရေး ကြိုးပမ်း အဓိကသီးနှံ၁၀မျိုးကို လျာထားချက်အပြင် တိုးတက်စိုက်ပျိုး ရေချိုငါးနှင့်ဒေသကြက်မွေးမြူရေး ထိရောက်အောင်ဆောင်ရွက်

✧ **ကျောဖုံးမှ**

ယခုအခါ ပုသိမ်မှ မြောင်းမြသို့ ပုသိမ်-ဒါးက၊ အိမ်မဲ-မြောင်းမြကားလမ်းအတိုင်း သွားရောက်ပါက ခရီးမိုင် ၆၅မိုင်ရှိပြီး ပမ္မဝတီမြစ်ကူးတံတားပြီးစီးသွား၍ ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြဖြတ်လမ်းအတိုင်းသွားပါက ခရီးမိုင် ၃၂မိုင်သာရှိတော့မည်ဖြစ်ရာ စုစုပေါင်း ၃၃မိုင်ခရီးတိုတောင်းသွားမည်ဖြစ်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ပုသိမ်မြို့သို့ ရောက်ရှိပြီး မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ဧရာဝတီတိုင်း ၂၀၀၅-၂၀၀၆ ခုနှစ် မိုးရာသီ စိုက်ပျိုးရေး တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်တင်မြင့်က ဧရာဝတီတိုင်း၏ မြေအသုံးချမှုအခြေအနေ၊ ၂၀၀၄-၂၀၀၅ ခုနှစ် အဓိကသီးနှံ ၁၀မျိုးစိုက်ပျိုးဧကနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးဧက ၃၆သိန်းတိုးချဲ့စိုက်ပျိုးရန် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ရော်ဘာဧကတစ်သိန်း တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ မြေယာ ဖော်ထုတ်စိုက်ပျိုးမှု အခြေအနေ၊ ငရုတ်ကောင်းစိုက်ပျိုးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဓိကသီးနှံ

ထို့နောက် တိုင်းစိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမျိုးဝေက၂၀၀၅-၂၀၀၆ ခုနှစ် ဧရာဝတီတိုင်းအတွင်း အဓိကသီးနှံများ၏ နှစ်စဉ်စီမံကိန်းလျာထားချက်နှင့် မိုးစပါးဧက ၃၆သိန်းစိုက်ပျိုးမည့်အစီအစဉ်၊ မိုးစပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအစီအစဉ်နှင့် မျှော်မှန်းဧကတစ်သိန်းတွင် တင်းတစ်ရာအထွက်နှုန်းရရှိရေး အဓိကထားဆောင်ရွက်မှုအခြေအနေ၊ အထွက်ကောင်းစပါးမျိုးသစ် ငါးမျိုးဖြစ်သည့် ဆင်းသွယ်လတ်၊ ရွှေပြည်တန်၊ ရွှေမြန်မာ၊ ရေဆင်းလုံးသွယ်နှင့်သုခရင်မျိုးများ ဖြန့်ဖြူးမှုအခြေအနေနှင့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်သုံးစွဲမှု အခြေအနေများကိုလည်းကောင်း၊ ငရုတ်ကောင်းစိုက်ပျိုးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်ဝင်းက ၂၀၀၅-၂၀၀၆ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ခုနှစ် သုံးနှစ်အတွင်း ရော်ဘာဧကတစ်သိန်း စိုက်ပျိုးရန်လျာထားချက်၊ မြို့နယ်အလိုက် ရော်ဘာစိုက်ပျိုးနိုင်မည့် မြေလွတ်မြေရိုင်းနှင့် စိုက်ပျိုးရန်လျာထားဧရိယာ၊ နှစ်အလိုက်မြို့နယ်များ၌ ရော်ဘာစိုက်ပျိုးရန် လျာထားချက်နှင့်ကုမ္ပဏီ၊ လုပ်ငန်းရှင်၊ ဒေသခံနှင့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ စိုက်ဧကဖော်ထုတ်လျာထားသတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖျာပုံ၊ မအူပင်၊ ဟင်္သာတ၊မြောင်းမြနှင့်ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ခရိုင်အလိုက် ၂၀၀၅-၂၀၀၆ခုနှစ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် မိုးစပါး၊ နွေစပါးနှင့်ငရုတ်ကောင်း သီးနှံများ ယမန်နှစ်လျာထားချက်များနှင့် နှိုင်းယှဉ်၍ ယခုနှစ် လျာထားချက်နှင့်အညီ စိုက်ပျိုးဆောင်ရွက်သွားမည့်အခြေအနေနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများ ပြီးစီးရန် ကြိုးကြပ်ဆောင်ရွက်ကြရေး၊ ရည်မှန်းချက်နှင့်အညီ ပြည့်မီအောင်စိုက်ပျိုးဆောင်ရွက်ရေး၊ နည်းလမ်းအသွယ်သွယ်ဖြင့် နေရာလပ်မကျန်စိုက်ပျိုးဆောင်ရွက်ရေး၊ ရော်ဘာပျိုးခင်းများပျိုးထောင်စိုက်ပျိုးရေး၊ ငရုတ်ကောင်းပင်များ သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးဆောင်ရွက်ရေးနှင့် လုပ်ငန်းများ လျာထားချက်နှင့်အညီ ဆောင်ရွက်ရာတွင် စည်းရုံးလှုံ့ဆော်ဆောင်ရွက်ကြရေးအတွက် တာဝန်ပေးမှာကြားချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စေတနာထားဆောင်ရွက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် ဧရာဝတီတိုင်းသည် နိုင်ငံတော်စီးပွားရေး တိုးတက်မှုအတွက် အဓိကကျသည့် တိုင်းတစ်တိုင်းဖြစ်ရာ မိမိတို့အနေဖြင့် ဧရာဝတီတိုင်း၏ ပင်မ စီးပွားရေးလုပ်ငန်းကြီးဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တိုးတက်မြင့်မား ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ခရိုင်နှင့်မြို့နယ် အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တိုင်းနှင့် နိုင်ငံတော် ကြီးပွားတိုးတက်စေရန် သန္နိဋ္ဌာန်စိတ်ဖြင့် စေတနာထား၍ အလေးထားဆောင်ရွက် ကြရန်လိုကြောင်း။

အဓိကသီးနှံ ၁၀ မျိုးကို လျာထားချက်အပြင် တိုးနိုင်သမျှ တိုးတက် စိုက်ပျိုးရန်လိုသကဲ့သို့ ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိရေး၊ စိုက်စွမ်းအား တိုးမြှင့်ရေးတို့ကို ဆောင်ရွက်ရန်လိုကြောင်း၊ အထူးသဖြင့် မိုးစပါးကို ဧကတစ်သိန်းတိုး၍ ဧက ၃၆ သိန်း ပြည့်မီရေး အစွမ်းကုန်ဆောင်ရွက်ကြရန်နှင့် အမယ်သစ်သီးနှံ ဖြစ်သည့် ငရုတ်ကောင်း၊ နှစ်ရှည်ပင်ဖြစ်သည့် ရော်ဘာတို့ကို လည်း လျာထားချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရန် စိုက်ပျိုးဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်ရယူဖြန့်ဖြူးခြင်း၊ ပျိုးခင်းများစုဆောင်း ခြင်း၊ နည်းပညာပေးခြင်း စသည့် ပံ့ပိုးမှုများကို အစဉ်ဆောင်ရွက်ပေးရန်လို ကြောင်း။

မွေးမြူရေးနှင့်စပ်လျဉ်း၍ ရေချိုငါးမွေးမြူရေး၊ ဒေသကြက်မွေးမြူရေးတို့ကို ယခုထက်ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာန ဆိုင်ရာဝန်ထမ်းများအား တိုင်း၊ ခရိုင်နှင့် မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းထားသော ကော်မတီများတွင် တာဝန်ပေးအပ်ထားရာ မိမိတို့ဝန်ကြီးဌာန ဆိုင်ရာလုပ်ငန်းများအပြင် သက်ဆိုင်ရာကော်မတီများ၏ လုပ်ငန်းများကိုလည်း တာဝန်ကျေရုံမဟုတ်ဘဲ စေတနာထား၍ ဒေသဖွံ့ဖြိုးရေးကို အောက်ခြေကျေးလက် အထိဆင်းကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

ဒေါပုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၁၂ရက် နံနက် ၉နာရီတွင် ဒေါပုံမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ဟောပြောပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၁၄ရပ်ကွက်မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ နှင့်အမှုဆောင်များ၊ ဒေါပုံမြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ (က-ပ)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ရန်ကုန် ဇွန် ၁၅

သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ အုပ်စုအတွင်းရှိ အင်းရှည်ကျေးရွာ၊ သမ္ဘန်ကျေးရွာ၊ ကြာပန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၂ရက် နံနက် ၉နာရီတွင် အင်းရှည်ကျေးရွာ မူလတန်း ကျောင်း၌ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မွန်ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်ညွန့်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကြည်မောင်တို့က အင်းရှည်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -"Perceiving Distance. (ပထမနှစ်စိတ်ပညာ)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၆။ **ကာတွန်းအစီအစဉ် -ရှောင်လင်လူစွမ်းကောင်းလေး (အပိုင်း-၅)**
၆:၅၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄နာရီ" (အပိုင်း-၁၂)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ မြဝတီရဲ့မြဝတီ
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ရွှေမင်းသမီး" (အပိုင်း-၃၄)ဇာတ်သိမ်း**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။



ကုန်သွယ်ရေး အကောက်ခွန်အတားအဆီးများ လျှော့ချပေးရန် အာဖရိကနိုင်ငံများတောင်းဆို

ကိုင်ရို ဇွန် ၁၄

အနောက်နိုင်ငံများတွင် လယ်ယာထွက်ကုန်များကို ပြည်ပသို့တင်ပို့ရာ၌ အစိုးရများက အထောက်အပံ့ပေးနေသည့် အစီအမံများရှိသည်။ ထိုအစီအမံကို ဖြတ်တောက်ရန်နှင့် ချမှတ်ထားသော ကုန်သွယ်ရေးအကောက်ခွန် အတားအဆီးများကို ဒီဇင်ဘာလတွင်ကျင်းပရန်ရှိသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အစည်းအဝေးမတိုင်မီ လျှော့ချပေးရန် အာဖရိကနိုင်ငံများက တောင်းဆိုကြကြောင်း မီနာသတင်းဌာနက ဖော်ပြသည်။

ဟောင်ကောင်တွင် ကျင်းပမည့် ဒဗလျူတီအို အစည်းအဝေးမတိုင်မီ သဘောထားများကို ကြိုတင်ညှိနှိုင်းသည့်အနေဖြင့် အာဖရိကနိုင်ငံ ၃၀ ခန့်တို့မှ ကုန်သွယ်ရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် နှစ်ရက်ကြာ စည်းဝေးခဲ့ကြသည်။ ထို့နောက်၎င်းတို့သည် ကိုင်ရိုကြေညာချက်ခေါ် ထုတ်ပြန်ချက် တစ်ရပ်ကို ကြေညာခဲ့သည်။ ထိုကြေညာချက်၌ ယခုနှစ် ဒီဇင်ဘာလကုန်အရောက်တွင် အနောက်နိုင်ငံများအနေဖြင့် ၎င်းတို့၏စိုက်ပျိုးရေး ပို့ကုန်များအပေါ် ထောက်ပံ့ကြေးပေးနေသည့် အစီအစဉ်များကို ရပ်ဆိုင်းသွားရန် ဖော်ပြထားသည်ဟု အီဂျစ်ကုန်သွယ်ရေးဝန်ကြီး ရာရှစ်မိုဟာမက်ရာရှစ်က သတင်းသမားများကို ပြောကြားခဲ့သည်။

အဆိုပါကြေညာချက်တွင် အရေးယူရမည့် နောက်ဆုံးအချိန်ကို မိမိတို့က ထည့်သွင်းဖော်ပြထားသည်။ ထိုသို့အတိအကျ ဖော်ပြရခြင်းမှာ အနောက်နိုင်ငံများက အထက်ပါကိစ္စကို လုပ်ဆောင်ရန် စိတ်ပါလက်ပါ မရှိလှဘဲ အချိန်ဆွဲ ရွှေ့ဆိုင်းနေရန်သာ စဉ်းစားကြသည့်အတွက် ယခုကဲ့သို့ နေ့စွဲအတိအကျ ဖော်ပြရခြင်းဖြစ်ကြောင်း တန်ဇန်းနီးယား ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ဂျူမာနဂါဆောင်ဝါက ပြောကြားသည်။

အာဖရိကနိုင်ငံများ၏ ပို့ကုန် ၄၀ ရာခိုင်နှုန်းနီးပါးခန့်မှာ စိုက်ပျိုးရေးပို့ကုန် သို့မဟုတ် စိုက်ပျိုးရေးနှင့် ဆက်နွယ်နေသော ပို့ကုန်များသာဖြစ်သည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကို ၎င်းတို့၏ စိုက်ပျိုးရေးဆိုင်ရာ ပြည်ပပို့ကုန်များအပေါ် အထောက်အပံ့ပေးနေသည့် မူဝါဒကို ရပ်ဆိုင်းပေးရန် အာဖရိကနိုင်ငံများက အချိန်ကြာမြင့်စွာကပင် တောင်းဆိုလာခဲ့ကြသည်။

ကမ္ဘာ့ကုန်သွယ်ရေးနှင့် သက်ဆိုင်သောကိစ္စရပ်တွင် နောက်ဆုံးအရေးယူဆောင်ရွက်ရမည့်နေ့နှင့် ပက်သက်၍ အတိအလင်း ဖော်ပြကာ တောင်းဆိုထားသော ကြေညာချက်မျိုးကို အာဖရိကနိုင်ငံများက ထုတ်ပြန်ခဲ့သည်မှာ ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ်ပင်ဖြစ်သည်။ အာဖရိကနိုင်ငံများသည် ၎င်းကြေညာချက်ကို ဇွန် ၉ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဒိုဟာကြေညာချက်ကို ၂၀၀၁ခုနှစ် စတုတ္ထအကြိမ် ဒဗလျူတီအို ဝန်ကြီးများအဆင့် အစည်းအဝေးအပြီးတွင် ကြေညာခဲ့သည်။ ၎င်း ၂၀၀၁ခုနှစ် အစည်းအဝေးပါ အစီအစဉ်များကို အကောင်အထည်ဖော်ရာ၌ နှေးကွေးနေသည့်ကိစ္စကိုလည်း စိုးရိမ်ပူပန်ကြောင်း ကိုင်ရိုကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

စိုက်ပျိုးရေး ပို့ကုန်များအပေါ် အထောက်အပံ့ပေးနေသည့် ကိစ္စနှင့် ပတ်သက်၍ သဘောတူညီချက်တစ်ရပ် ရရှိရန် ကြိုးပမ်းခဲ့ကြသော်လည်း နောက်ဆုံးအကြိမ် ကျင်းပခဲ့သော မက္ကဆီကိုနိုင်ငံ ကင်ကမ်းမြို့ ဒဗလျူတီအို အစည်းအဝေးတွင် အများလက်ခံနိုင်သော ဆုံးဖြတ်ချက်မျိုး ချမှတ်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အပျက်အစီး

ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကျန်ရစ်သော အပျက်အစီးများကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် ဗုံးဖောက်ခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံး၊ အများအပြားဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၄

ရဲတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် ဟန်ဆောင်ထားသည့် ကားဗုံးဖောက်ခွဲသူတစ်ဦးက ဘဂ္ဂဒက်မြို့တော်ရှိ အီရတ်လက်ရွေးစင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ၏ ဌာနချုပ်တွင် စနေနေ့ကဗုံးဖောက်ခွဲရာ တိုက်ခိုက်ရေးအဖွဲ့ဝင်ရှစ်ဦး သေဆုံးပြီး အခြားလူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲဝတ်စုံဝတ်ဆင်ထားသည့် အဆိုပါ တိုက်ခိုက်ရေးသမားသည် အစောင့်များထူထပ်စွာ ချထားသော ရဲအတတ်သင်ကျောင်းအတွင်း ဝင်ရောက်ရန်ကြိုးပမ်းပြီး ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ထပ်လောင်း ပြောကြားသည်။ ၎င်းအတတ်သင်ကျောင်းဝင်းတွင် ဝံပုလွေအမည်ရှိ တပ်ဖွဲ့ဌာနချုပ်တွင် ပေါက်ကွဲစရာပစ္စည်းများရှိသည်။

ဝံပုလွေတပ်ဖွဲ့ဌာနချုပ်သည် စစ်ဘက်ပုံစံ လက်ရွေးစင် ရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး ပြည်ထဲရေးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်သူများဖြစ်သည်။ အဆိုပါတပ်ဖွဲ့သည် ပြန်ပေးဆွဲသည့် လုပ်ငန်းနှင့် ဘာသာရေး ခေါင်းဆောင်အပါအဝင် ၎င်းအစိုးရအဖွဲ့ဝင် လူမျိုးစုငယ်ခေါင်းဆောင်များအား သတ်ဖြတ်ခဲ့သည့်တပ်ဖြစ်သည်ဟု ဆွန်နီ အာရပ်လူမျိုးများက စွပ်စွဲထားသည်။ သို့ရာတွင် ပြည်ထဲရေးဌာနက ငြင်းဆိုထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန် အရှေ့တောင်ပိုင်းဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ခုခံရေးသမားခုနစ်ဦး သေဆုံး

ကဘူး ဇွန် ၁၄

အမေရိကန်အပေါင်းပါတပ်ဖွဲ့နှင့် အာဖဂန်နစ္စတန်လှည့်ကင်းတို့သည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့အလယ်ပိုင်းရှိ ပက်တီကပြည်နယ်တွင် ချောင်းမြောင်းတိုက်ခိုက်ခံခဲ့ရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ခုခံရေးသမားခုနစ်ဦးတို့ သောကြာနေ့တွင် သေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြထားသည်။

၎င်းတိုက်ခိုက်မှုအတွင်း အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။ တပ်ဖွဲ့ဝင်နှစ်ဦးအား တိုက်ခိုက်ရေးအခြေစိုက်စခန်းသို့ ရွှေ့ပြောင်းပေးခဲ့ပြီး တတိယမြောက် တပ်ဖွဲ့ဝင်သည် ဆေးကုသခံယူပြီးနောက် ပြန်လည်တာဝန်ထမ်းဆောင်နေပြီဟု ကြေညာချက်တွင် ပါရှိသည်။

အမေရိကန်အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များသည် တွန်းလှန် တိုက်ခိုက်ရေးသမားများအား မနေမနား နှိမ်နင်းတိုက်ခိုက်နေကြသည်ဟု အမေရိကန် ကြည်းတပ်ဗိုလ်မှူးချုပ် ဂျက်စတာလင်ဂျင်က ပြောကြားသည်။

သေဆုံး

တာလီဘန် အစိုးရအဖွဲ့ဟောင်းမှ လက်နက်ကိုင် အကြွင်းအကျန်အုပ်စုများသည် အာဖဂန်နစ္စတန်ရှိ အမေရိကန်စိုးမိုးသည့် ပြည်ပတပ်ဖွဲ့ဝင်များအား ဆက်လက်တိုက်ခိုက်ရန် သန္နိဋ္ဌာန်ချထားကြပြီး အရှိန်မြင့်တိုက်ခိုက်မှုများပြုလုပ်နေရာ ခုခံတိုက်ခိုက်ရေးသမား ၁၀၀ ကျော်နှင့် အာဖဂန်-အမေရိကန်တပ်ဖွဲ့ဝင်များ လွန်ခဲ့သည့် နှစ်လကျော်က သေဆုံးခဲ့ကြရသည်။

အဆိုပါ ပက်တီကပြည်နယ်တွင်ပင် ဇွန် ၈ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ စိန်ပြောင်းဖြင့် ပစ်ခတ်ခံရရာ တစ်ဦးသေဆုံးပြီး အခြားရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ရှာဖွေတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်အစိုးရ ပြိုလဲပြီးခဲ့သည့်နောက် အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင် ၁၈၀၀၀ ကျော် ၎င်းနိုင်ငံတွင် ဆက်လက်တပ်စွဲထားကြပြီး တာလီဘန် လက်နက်ကိုင်များနှင့် အခြားအစွန်းလမ်း ခုခံတိုက်ခိုက်ရေးသမားများအား ရှာဖွေတိုက်ခိုက်နေကြသည်။ ၂၀၀၁ ခုနှစ် အာဖဂန်လွတ်မြောက်ရေးစစ် ဆင်နွှဲပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀ သေဆုံးခဲ့ကြရပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တောင်ပိုင်း ဘာဆာရာမြို့တွင် ဗြိတိသျှ တပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လမ်းဘေးဗုံးပေါက်ကွဲ ကန်မရိန်းတပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၄

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေစဉ် မရိန်းတပ်မမှ တပ်ဖွဲ့ဝင်ငါးဦး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်တွင် သေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

အမှတ်(၂) မရိန်းတပ်မမှ တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ကီလိုမီတာ ၁၄၅ အကွာရှိ ဟက်ကန်နီယာမြို့တွင် မော်တော်ယာဉ်များနှင့် ကြာသပတေးနေ့က စစ်ရေးလှုပ်ရှားမှုပြုလုပ်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခု မတ်လက ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၆၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇင်ဘာဘွေ လူငယ်များ၏ကျန်းမာရေးကို မူးယစ်ဆေးဝါးက ခြိမ်းခြောက်နေ

မာပူတို ဇွန် ၁၄

မူးယစ်ဆေးဝါးများသည် ဇင်ဘာဘွေ လူငယ်ကျောင်းသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း အစိုးမဟုတ်သော အင်ဂျီအိုအဖွဲ့တစ်ဖွဲ့၏ လေ့လာချက်တွင် ရေးသားဖော်ပြထားသည်။

ဇင်ဘာဘွေ အမျိုးသား မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့သည် မာပူတို အထက်တန်းကျောင်း နှစ်ကျောင်းကို ကွင်းဆင်းစစ်ဆေးလေ့လာရာမှ အထက်ပါတွေ့ရှိချက်ကို တွေ့ရှိရခြင်းဖြစ်သည်။ ထိုလေ့လာချက် အစီရင်ခံစာကို ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြခဲ့ကြသည်။

လေ့လာမှုပြုလုပ်ရာတွင် ကျောင်းသား ၆၂၉ ဦးနှင့် ကျောင်းသူ ၃၇၁ ဦးပါဝင်သော လူငယ် ၁၀၀၀တို့ကို နမူနာအဖြစ် စိစစ်လေ့လာခဲ့ခြင်းဖြစ်သည်။ လူငယ်များ၏ အသက်မှာ ၁၄နှစ်မှ ၂၅နှစ်အတွင်းရှိကြသည်။

နမူနာအဖြစ် လေ့လာသူများအနက် ငါးရာခိုင်နှုန်းသော လူငယ်များသည်ဆေးခြောက်ကို သုံးစွဲကြောင်းဝန်ခံခဲ့သည်။ အပြင်းစား မူးယစ်ဆေးဝါးအုပ်စုများ သုံးစွဲမှုကိုလေ့လာရာတွင် ကိုကင်း၊ ဘိန်းဖြူ၊ အက်စတာစီနှင့် အယ်လ်အက်စ်ဒီများ သုံးစွဲကြသည်ကိုလည်း တွေ့ရှိရသည်။

ယောကျ်ားကလေး ၁၁ ဦးနှင့် မိန်းကလေးသုံးဦးတို့က ကိုကင်းသုံးစွဲကြောင်းဝန်ခံခဲ့ကြပြီး ယောကျ်ားကလေးသုံးဦးတို့က ဘိန်းဖြူသုံးစွဲဖူးကြောင်း ပြောကြားခဲ့ကြသည်။ အက်စတာစီမူးယစ်ဆေးဝါးသုံးစွဲမှုတွင် ယောကျ်ားကလေးသုံးဦးသာပါဝင်ပြီး အယ်လ်အက်စ်ဒီကိုမူ ယောကျ်ားကလေးတစ်ဦးသာ သုံးစွဲသည်ကိုတွေ့ရသည်။

လေ့လာသောနမူနာအနက် ယောကျ်ားကလေး ၃၉ ဦးနှင့် ကျောင်းသူ ၁၂ဦးတို့က ဆေးလိပ်သောက်ကြောင်း ဝန်ခံကြပြီး ယောကျ်ားကလေး ၃၁၅ ဦးနှင့် မိန်းကလေး ၁၂၇ ဦးတို့က အရက်သောက်သုံးဖူးကြောင်း ဝန်ခံခဲ့ကြသည်ဟု ကွင်းဆင်းလေ့လာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြမှုကြောင့် ကန်သံရုံးရှေ့၌ စောင့်ကြပ်နေသည့် ရဲတပ်ဖွဲ့များကို ဇွန် ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့်သီရိလင်္ကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည် နှစ်နိုင်ငံ ပူးတွဲကော်မရှင်အစည်းအဝေးတွင် သဘောတူညီ

ကိုလံဘို ဇွန် ၁၄

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့သည် နှစ်နိုင်ငံ စီးပွားရေး မိတ်ဖက်ပြုဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားကြမည်ဖြစ်ကြောင်း သောကြာနေ့တွင် ထုတ်ပြန်သည့် ပူးတွဲသတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်(အက်ဖ်တီအေ)ထက် ပိုမိုကျယ်ပြန့်ပြီး ပြည့်စုံမှုရှိသော စီးပွားရေး၊ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ရရှိလာရန်ကြိုးပမ်းမည်ဖြစ်ကြောင်း နှစ်နိုင်ငံ ပူးတွဲကော်မရှင် အစည်းအဝေးအပြီး ထုတ်ပြန်သော အဆိုပါ သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

သဘောတူ

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် သီရိလင်္ကာသမ္မတ ချန်ဒရေကာကုမာရတွန်ဂါတို့၏ ဆန္ဒနှင့်အညီ ယခုနှစ်ကုန်ထက် နောက်မကျဘဲ နှစ်နိုင်ငံ အလုံးစုံစီးပွားရေးမိတ်ဖက်ပြုဆောင်ရွက်ရေး သဘောတူညီချက်ကို အပြီးသတ်ရေးဆွဲရန် ပူးတွဲကော်မရှင် အစည်းအဝေးတွင် သဘောတူညီကြသည်။

မြှင့်တင်

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်သည်ကုန်စည်ပစ္စည်းအရသာလျှင် ကုန်သွယ်မှု ပြုရန်သာ ကန့်သတ်ထားပြီး စီးပွားရေး မိတ်ဖက်ပြုဆောင်ရွက်ရေး သဘောတူညီချက်အရ ကုန်စည်အရသာ မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအရပါ ကုန်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပူးတွဲသတင်းကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဆွေးနွေး

နှစ်နိုင်ငံ ပူးတွဲကော်မရှင် အစည်းအဝေး၏ သဘာပတိများအဖြစ် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နတ်ဝါဆင်းနှင့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး လက်ရှိမင်းကာဒီယာဂါမားတို့က ဆောင်ရွက်ပြီး ကုန်သွယ်ရေးဆိုင်ရာ ပြဿနာရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်စေရေးအတွက် လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရန်လည်းကောင်း၊ ဖိမ်ခံသင်္ဘော ခရီးစဉ်များ တိုးချဲ့ခုတ်မောင်းရန်လည်းကောင်း သဘောတူညီခဲ့ကြသည်။

သီရိလင်္ကာနိုင်ငံတွင်ကျောက်မီးသွေးသို့မဟုတ် သဘာဝဓာတ်ငွေ့ရည် (အယ်လ်အင်န်ဂျီ) အခြေပြု လျှပ်စစ်ဓာတ်အားစက်ရုံတစ်ရုံထူထောင်နိုင်ရေးအတွက် အဆိုပြုချက် တင်သွင်းရန် နှစ်နိုင်ငံ အစည်းအဝေးတွင် သဘောတူညီခဲ့ကြသည်။***အမ်အင်အေ၊ပီတီအိုင်။***

မလေးရှားတွင် လူမျိုးစုငယ်ကွဲပြားခြားနားမှု ဝန်ထုပ်ဝန်ပိုးမဟုတ်ကြောင်း ဘာဒါဝီပြောကြား

ကွာလာလမ်ပူ ဇွန် ၁၄

မလေးရှားနိုင်ငံတွင် လူမျိုးစုငယ် ကွဲပြားခြားနားမှုသည် ဝန်ထုပ်ဝန်ပိုးမဟုတ်ကြောင်း၊ သို့ရာတွင် ကမ္ဘာတစ်ဝန်းရှိ အခြားမည်သည့် နိုင်ငံများတွင်မှ မရှိသည့် ညီညွတ်မှုစွမ်းအားကိုသာ ဖြစ်ထွန်းစေကြောင်း ဝန်ကြီးချုပ်အဗ္ဗဒူလာအာမက်ဘာဒါဝီ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသခံသတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြလိုက်သည်။

ဆာဘားနှင့်ဆာရာဝတ် ၂၀၀၅ ခုနှစ် ကောက်ရိတ်သိမ်းပွဲတော် အခမ်းအနားကို စနေနေ့က ကွာလာလမ်ပူမြို့တော်တွင် ပြုလုပ်ရာ မလေးရှားဝန်ကြီးချုပ်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။

မိမိတို့ နိုင်ငံတွင် လူမျိုးစုငယ်ကွဲပြားခြားနားမှုသည် ဝန်ထုပ်ဝန်ပိုးတစ်ခု မဟုတ်ကြောင်း၊ ဘာသာနှင့်လူမျိုး အရ ကွဲပြားခြားနားမှု ရှိနေသော်လည်း တစ်မြေတည်းနေတစ်ရေတည်းသောက်ကာ အတူတကွ နေထိုင်ကြပြီး စုစည်းမှုရှိသည် စွမ်းအားသာဖြစ်ထွန်းစေခဲ့ကြောင်း ဘာဒါဝီ၏ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ဖော်ပြသည်။

ခိုင်မာတောင့်တင်း

အမျိုးသားပွဲတော် အခမ်းအနားများ ကျင်းပပြုလုပ်ခြင်းဖြင့် ပြည်သူလူထုနှင့် အမျိုးမျိုးသော လူ့အသိုက်အဝန်း အတွင်း ဆက်ဆံမှုများ ပိုမိုနီးစပ်လာနိုင်ပြီး မလေးရှားနိုင်ငံတွင် နိုင်ငံရေးအရ တည်ငြိမ်မှုကို သွယ်ဝိုက်ကာ ခိုင်မာတောင့်တင်းမှုရှိစေသည်ဟု ဘာဒါဝီက ပြောကြားသည်။

ယင်းပွဲတော်အခမ်းအနားကို ဆာရာဝတ်နှင့်ဆာဘားဒေသအပြင်ဘက်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်သည်ဟု ဘာဒါဝီက ပြောကြားသည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့်မလေးရှားပြည်သူလူထုအနေဖြင့် ပြည်နယ်ရှစ်ခုမှ ပြည်သူလူထု၏ ယဉ်ကျေးမှုကို နားလည်တန်ဖိုးထားနိုင်သည်ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

ဆုံစည်း

မလေးရှားနိုင်ငံသည် လူမျိုးပေါင်းစုံနှင့်ယဉ်ကျေးမှုတို့ ဆုံစည်းရာ နိုင်ငံဖြစ်ပြီး မလေးရှားနိုင်ငံသား တရုတ်၊ အိန္ဒိယလူမျိုးများနှင့် အခြားလူမျိုးများ နေထိုင်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ငတ်မွတ်သူကလေးများကိုကူညီရန် ကမ္ဘောဒီးယား ရန်ပုံငွေရှာ

ဖနောင်ပင် ဇွန် ၁၄

ကမ္ဘောဒီးယားနှင့် ကမ္ဘာတစ်ဝန်းရှိ ငတ်မွတ်ဆာလောင်နေကြသောကလေးများကို အကူအညီပေးနိုင်ရေးအတွက် ရန်ပုံငွေရှာရန် ရည်ရွယ်၍ ငတ်မွတ်မှုတိုက်ဖျက်ရေး လမ်းလျှောက်ပွဲ အစီအစဉ်တစ်ရပ်ကို ကမ္ဘာ့ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က ကမကထပြုလုပ်ကာ ကျင်းပခဲ့သည်။

၅၀၀ ကျော်

ဇွန် ၁၂ ရက်က ကျင်းပသော အဆိုပါ လမ်းလျှောက်ပွဲသို့ အထက်တန်းဝန်ကြီးများ အပါအဝင် ပရိသတ်ပေါင်း ၅၀၀ ကျော်တို့ တက်ရောက်ခဲ့ကြသည်။ လမ်းလျှောက်ပွဲမှာ လွတ်လပ်ရေးကျောက်တိုင်ရှိရာမှ မြစ်ကမ်းနဖူးရှိရာသို့ အသွားအပြန် လမ်းလျှောက်ကြသော ပွဲဖြစ်သည်။

လွန်ခဲ့သော ငါးနှစ်အချိန်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် အချက်ရှစ်ချက်ပါဝင်သော ရည်မှန်းချက်တစ်ရပ်ကို ချမှတ်ခဲ့ကြသည်။ ထိုရည်မှန်းချက်ကို ကုလသမဂ္ဂအဖွဲ့၏ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ဟုလည်း ခေါ်တွင်သည်။ ကမ္ဘာ့ငတ်မွတ်ခေါင်းပါးသူဦးရေကိုထက်ဝက်လျှော့ချရေး၊ ကလေးသေနှုန်း လျော့နည်းသွားအောင် လုပ်ဆောင်ရေး၊ ၂၀၁၅ ခုနှစ်အရောက်တွင် ကလေးငယ်တိုင်း မူလတန်းပညာသင်ခွင့်ရရှိရေး စသည့်အချက်များသည် ထောင်စုနှစ် ရည်မှန်းချက်များတွင် ပါဝင်သောအချက်များဖြစ်သည်။

ကမ္ဘာ့ကလေးသူငယ်များ ငတ်မွတ်ဆာလောင်မှုကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ကို ခိုင်မာကြောင်းပြသသည့် အနေဖြင့် ယနေ့တွင် မိမိတို့သည် မိတ်ဆွေနိုင်ငံသားများ၊ နိုင်ငံခြားမှ အကူအညီပေးသူ မိတ်ဆွေများနှင့်အတူ စုပေါင်းအင်အား ပြသကြခြင်းပင်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံရှိ ဒဗလျူအက်ဖ်ပီဌာနေကိုယ်စားလှယ်သောမတ်ဂျောဘူစတာက ပြောကြားသည်။

ပြည်သူများအနေဖြင့် ကလေးများငတ်မွတ်မှုကို တိုက်ဖျက်ရေးတွင် သိရှိသတိပြုမိပြီး ပူးပေါင်းပါဝင် လာကြစေရန် ရည်ရွယ်၍ ယခုလမ်းလျှောက်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း အမျိုးသားဘေးဒုက္ခကြိုးကြပ်ရေး ကော်မတီပထမ၊ ဒုတိယဥက္ကဋ္ဌ နင်မ်ဗင်ဒါက ပြောကြားသည်။

ကျွေးမွေး

ယခင်နှစ်က ရှာဖွေရရှိခဲ့သောရန်ပုံငွေဖြင့် ဒဗလျူအက်ဖ်ပီ အဖွဲ့သည် ကမ္ဘောဒီးယား ကလေးငယ်ပေါင်း ၃၇၆၀၀၀ တို့ကို ကျွေးမွေးရာ၌ အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။ တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်း ၉၀ တွင် လမ်းလျှောက်ပွဲပေါင်း ၂၀၀ ကို ဒဗလျူအက်ဖ်ပီအဖွဲ့က ဇွန် ၁၂ ရက်တွင် ကျင်းပခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာဒေသတွင် တိုက်ခိုက်မှုကြောင့် ကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိ

ကဘူး ဇွန် ၁၄

အိမ်လုပ်ဗုံးဟု သံသယမကင်းသည့်ဗုံးတစ်လုံး အာဖဂန်နစ္စတန်နိုင်ငံကန်ဒါဟာဒေသအနီး ပေါက်ကွဲမှု ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး တနင်္လာနေ့က ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များက ပြောကြားသည်။

ငြင်းဆို

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းသည် လက်ရှိကာဂါးဒေသမှ ကန်ဒါဟာဒေသသို့ အမည်မသိရသော မစ်ရှင်လုပ်ငန်း လုပ်ဆောင်ရန်အတွက် သွားလာနေသည့်လမ်းတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်ဟု ဖော်ပြပါ အပေါင်းပါတပ်ဖွဲ့များက ထုတ်ပြန်သော ကြေညာချက်အရ သိရှိရသည်။ တပ်ဖွဲ့ဝင်ငါးဦးသေဆုံးသည်ဟူသော စောစောပိုင်းက ထုတ်ပြန်သည့် သတင်းများ မဟုတ်မှန်ကြောင်း ယင်းကြေညာချက်တွင် ငြင်းဆိုထားသည်။

ကားဗုံးဖောက်ခွဲမှု ဖြစ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့သည်ဟု ကန်ဒါဟာ ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး အယွတ်ဆလန်ဂီက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

(၁၃)ကြိမ်မြောက် ဆာအတ်ထိပ်သီးအစည်းအဝေး ဒါကာ၌ နိုဝင်ဘာတွင် ကျင်းပမည်

အစ္စလမ္မာဘတ် ဇွန် ၁၄

(၁၃)ကြိမ်မြောက်တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးထိပ်သီးအစည်းအဝေး (ဆာအတ်)ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်တွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်ထိ ကျင်းပမည်ဟု ပါကစ္စတန် ဝန်ကြီးချုပ်ရှာကက်အာဇစ်က ဇွန် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ အစည်းအဝေးကို နှစ်ကြိမ်ရွှေ့ပြောင်းခဲ့ရပြီးမှ အစည်းအဝေးကျင်းပမည့်ရက်ကို ဆုံးဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ထိုအစည်းအဝေး ကျင်းပမည့်ရက်ကို အဖွဲ့ဝင်နိုင်ငံများ ညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု အစ္စလမ္မာဘတ်မြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အာဇစ်က ပြောကြားသည်။ ၎င်းသည် ဆာအတ်အဖွဲ့၏ လက်ရှိဥက္ကဋ္ဌ ဖြစ်သည်။

ကြုံတွေ့ခဲ့ရ

ယမန်နှစ် ဒီဇင်ဘာလကုန်ပိုင်းက ဆူနာမီရေလှိုင်းဒဏ်ကြောင့် လူ ၃၀၀၀၀၀ နီးပါး သေဆုံးခဲ့ကြရသည်။ ထို ဘေးဒုက္ခဖြစ်ပွားစဉ်က ဆာအက်အဖွဲ့ဝင် ခုနစ်နိုင်ငံအနက်မှ သုံးနိုင်ငံသည် ဆူနာမီဘေးဒုက္ခနှင့်ကြုံတွေ့ခဲ့ရမှုကြောင့် ၂၀၀၅ ခုနှစ် ဇန်နဝါရီတွင် (၁၃)ကြိမ်မြောက် ဆာအတ်ထိပ်သီးအစည်းအဝေးကျင်းပရန်စီစဉ်ထားသော်လည်းအဆိုပါ ဘေးဒုက္ခကြောင့်အစည်းအဝေးကိုပထမအကြိမ်ရွှေ့ပြောင်းခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လုံခြုံရေးအခြေအနေနှင့် နီပေါနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုတို့ကြောင့် ထိုထိပ်သီးအစည်းအဝေးကို ဒုတိယအကြိမ်ရွှေ့ပြောင်းခဲ့ရပြန်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးအတွက် နောက်ဆုံးအဆင့် အစည်းအဝေးအစီအစဉ်ကို ဆောင်ရွက်ရန် ဆာအတ်အဖွဲ့မှ ဝန်ကြီးများအဆင့် အစည်းအဝေးကို နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကြိုတင်ကျင်းပပြုလုပ်မည်ဖြစ်သည်ဟု အာဇစ်က ပြောကြားခဲ့သည်။

ဆာအတ်အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လဒိုက်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့ပါဝင်ပြီး အဆိုပါအဖွဲ့ကို ၁၉၈၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ ရိုဘော့စက်ရုပ်ပြပွဲတွင် ကမ္ဘာ့ပထမဆုံးသော ဦးနှောက်ခွဲစိတ်နိုင်သည့်စက်ရုပ် သရုပ်ပြသနေသည်ကို ဇွန် ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကုသဇာတ်

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ဇွဲ၊ လုံ့လ၊ ဝီရိယရှိပါက မည်သို့သော အကြောင်းတရားများရှိနေပါစေ တစ်နေ့ အကျိုးတရားကို ရရှိနိုင်စေမည် ဟူသော အသိဖြင့် တေရသမအကြိမ် (၁၃ ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၌ ပြိုင်ပွဲဝင်တို့၏ ကုသဇာတ် တင်ဆက်လာမှုကို ပွဲကြည့်ပရိသတ်တို့က ရင်ခုန်စွာ စောင့်မျှော် အားပေးနေမည်သာဖြစ်။

တေရသမအကြိမ်(၁၃ကြိမ်) မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ **"ရုပ်သေးပညာရှင်အဆင့်"**ပြိုင်ပွဲတွင် **မင်းကုသ(ကုသဇာတ်)**ကို ပြိုင်ပွဲဝင်ရန် သတ်မှတ်လျာထားပြီး ဖြစ်လေသည်။

မင်းကုသနှင့်ပပဝတီဟုဆိုလိုက်သည်နှင့်သူတို့သည် မြန်မာပရိသတ်နှင့် ရင်းနှီးနေသူများမို့ ချက်ချင်းသိလိုက်ကြမည်သာဖြစ်သည်။ ပပဝတီသည် စင်စစ် ကုသဇာတ်ကြောင့် ဇာတ်လိုက်မင်းသမီးတစ်ဦးအနေဖြင့် ထင်ရှားလာခြင်းဖြစ်သည်။ ကုသဇာတ်သည် ငါးရာ့ငါးဆယ် ဇာတ်တော်လာ သတ္တတိနိပါတ် ဇာတ်နှစ်ဇာတ်အနက်မှ တစ်ဇာတ်ပင်ဖြစ်လေသည်။

ကုသဇာတ်ကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတစ်ပါးကိုအကြောင်းပြု၍ ဟောခဲ့ခြင်းဖြစ်သည်။ သာဝတ္ထိပြည်၌ ဇာတိထင်ရှားသော သူကောင်းသားတစ်ဦးသည် အချိန်တန် အရွယ်ရောက်သော်လည်း အိမ်ရာထူထောင်မှုကို ကျောခိုင်း၍ သာသနာအတွင်းသို့ ဝင်ခဲ့လေသည်။ ထိုရဟန်းသည် သာသနာ၌ ဓာမဏိဌက်ကဲ့သို့ ထင်ရှားလာခဲ့လေသည်။ တစ်နေ့ ဆွမ်းအလို့ငှာ သာဝတ္ထိပြည်အတွင်း ဝင်ခဲ့ရာမှ သာဝတ္ထိပြည်သူတစ်ဦး၏ အလှ၌ယစ်မူးခဲ့လေသည်။ တဏှာ၏ ဖိစီးမှုကြောင့် ရုပ်သွင်ယိုယွင်းလာချိန်၌ အခြားသောရဟန်းများက ဘုရားရှင်၏ ရှေ့မှောက်သို့ ခေါ်ဆောင်လာခဲ့လေသည်။ ထိုအခါ ဘုရားရှင်က ထိုရဟန်းနှင့် ပရိသတ်များအား **"ကုသဇာတ်"** ကို ဟောကြားခဲ့ခြင်းဖြစ်လေသည်။

မလ္လတိုင်း ကုသဝတီပြည်၌ဥက္ကာကမင်းကြီးသည် သီလဝတီမိဖုရားကြီးနှင့်အတူ ထီးနန်းစိုးစံနေလေသည်။ မင်း၊ မိဖုရားနှစ်ပါး၌ ထီးမွေနန်းမွေ ဆက်ခံမည့် သားရတနာမရှိသည့်အတွက် သိကြားမင်းက အရုပ်ဆိုးသော သားတော်ကြီး ကုသကုမ္မာနှင့် ချောမောလှပသော သားတော်ငယ် ဇယမ္ပတိဟူသော သားတော်နှစ်ပါးကို ထွန်းကားစေခဲ့လေသည်။ မိဘများက လူလားမြောက်လာသည့် ကုသကို သင့်လျော်သော မိန်းမနှင့် လက်ထပ်စေလိုသည်။ ကုသက သူ၏ရုပ်ရည်ရူပကာကြောင့် အားနည်းနေရသည့် ရုပ်ရည်ရူပကာကြောင့် အိမ်ထောင်မှုကို ငြင်းဆန်လိုက်လေသည်။ မင်း၊ မိဖုရားနှစ်ပါးက ဆိုမြဲ စကားကို ဆိုလာကြသောကြောင့် လှပသော ရွှေစင်ရုပ်တစ်ရုပ် ပြုလုပ်ပြီးလျှင် ယင်းရွှေစင်ရုပ်တုနှင့်တူသော မိန်းမကိုရမှသာ ထိမ်းမြားလက်ထပ်လိုကြောင်း အကြောင်းပြလိုက်လေသည်။

သာဂလပြည် မဒ္ဒရာဇ်မင်းကြီး၌ သမီးတော်ရှစ်ယောက်ရှိလေသည်။ သမီးရှစ်ယောက်စလုံးသည် အချောအလှများသာ ဖြစ်လေသည်။ အကြီးဆုံးသမီးတော်ဖြစ်သည့် **"ပဘာဝတီ"**မင်းသမီးသည် သူမ၏ကိုယ်မှ တက်သစ်သော နေလုလင်ကဲ့သို့ အရောင်တို့သည် ပြိုးပြိုးပြက်ပြက် လင်းလျက်ရှိလေသည်။ ထိုအရောင်သည် ပဘာဝတီနေသော တိုက်ခန်း၌ ဆီမီးထွန်းညှိရန်ပင်မလိုဘဲ တစ်ခဲနက်သော အရောင်ဖြင့် ထွန်းလင်းလျက်ရှိလေသည်။

မင်းကုသအတွက် ရွှေစင်ရုပ်တုနှင့်တူသော ကြင်ဖက်သက်လျာကို ရှာဖွေလာသော မင်း၊ မှူးမတ်၊ မင်းချင်းတို့သည် သာဂလပြည်အနီးသို့ ရောက်ရှိလာလေသည်။ မြစ်ကမ်းပါးတစ်ခု၏အနီး၌ ခေတ္တ နားနေစဉ်မှာ ပဘာဝတီအတွက် ချိုးရေခပ်ရန်ရောက်လာသော အထိန်းတော်ခုဇ္ဇာနှင့် တွေ့မိကြလေသည်။ ပထမတွင် ခုဇ္ဇာကရွှေစင်ရုပ်တုကို ပဘာဝတီအလား ထင်မှတ်မှားမိလိုက်သေးသည်။ သို့သော် ထိုရွှေစင်ရုပ်တုသည်ပင်လျှင် သူမ၏ သခင်မ ပဘာဝတီကို မမီသေးကြောင်း ဆိုလာပြန်သည်။ ခုဇ္ဇာမှတစ်ဆင့် မှူးမတ်၊ မင်းချင်းတို့သည် မဒ္ဒရာဇ်မင်းကြီး၏ ရှေ့မှောက်သို့ ရောက်ခဲ့ကြသည်။ မဒ္ဒရာဇ်မင်းကြီးကို ကျိုးကြောင်းလျှောက်ထားသည်။ မင်းကြီးကလည်း သဘောတူမျှသည်။ သို့နှင့် ကုသကုမ္မာနှင့် ပဘာဝတီမင်းသမီးတို့ ရေစက်ကြောင့် အကြောင်းတူမျှ ပေါင်းဖက်ကြတော့သည်။

ထိုသို့ ပေါင်းဖက်ကြသော်လည်း ကုသ၏မိခင် သီလဝတီမိဖုရားကြီးက စိုးရိမ်ပူပန်စိတ်ဖြစ်မိသည်။ အချောအလှလေး ပဘာဝတီက ရုပ်ဆိုးသောသူ့သားကုသကို ပစ်ခွာသွားမှာ စိုးရိမ်သည်။ ထို့ကြောင့် မလ္လတိုင်း၏ ရှေးရိုးထုံးစံဟုဆိုကာ ကုသနှင့် ပဘာဝတီကို နေ့အတူမစံရ၊ ညအခါကျမှ အတူစံကြဖို့ စည်းကမ်းသတ်မှတ်သည်။ ပဘာဝတီ၌ ရင်သွေးရလာစေချင်သည်။ ထိုရင်သွေး၏ သံယောဇဉ်ကြောင့် ပဘာဝတီက ကုသကို ပစ်မသွားနိုင်ဟူသော အသိဖြင့် ကာလတစ်ခုကို သတ်မှတ်သည်။ သို့နှင့် ကုသနှင့် ပဘာဝတီသည် သီလဝတီ မိဖုရားကြီး၏ အစီအမံအတိုင်း နေထိုင်လာခဲ့ကြသည်။ သို့သော်လည်း မိဖုရားကြီး၏ စည်းကမ်းကို စတင်ဖောက်လာသူက ကုသဖြစ်လေသည်။ သူက ပဘာဝတီ၏ နေ့အလှကိုမြင်လိုသည်။ ချဉ်သီးကိုစားမိသူ ပမာ ပဘာဝတီကို တပ်မက်လွန်းလှသည်။

သီလဝတီမိဖုရားကြီးက သားတော်ကုသ၏ အလိုကိုလိုက်ရှာသည်။ ပဘာဝတီကို ဆင်မင်္ဂလာပွဲသို့ခေါ်လာသည်။ ကုသကို ဆင်ထိန်းအယောင်ဆောင်၍ ကြည့်စေသည်။ ကုသကား ထိုမျှနှင့်မတင်းတိမ်သေးဘဲ ထပ်မံပူဆာပြန်သည်။ သီလဝတီမိဖုရားကြီးကလည်း မြင်းမင်္ဂလာပွဲသို့ ပဘာဝတီကို ခေါ်လာပြန်သည်။ ကုသကို မြင်းထိန်းအသွင်ဖြင့် စောင့်ကြည့်စေသည်။ နောက်တစ်ကြိမ် ဥယျာဉ်တော်မင်္ဂလာကန်သို့ ပဘာဝတီကို ခေါ်လာပြန်သည်။ ကုသကား မင်္ဂလာရေကန်ထဲသို့ ဆင်းနေပြီးလျှင် ပဒုမ္မာကြာဖက်ဖြင့် ဦးခေါင်းကိုဖုံးလျက် ကြာပွင့်ဖြင့် မျက်နှာကိုကွယ်လျက် စောင့်နေလိုက်သည်။ မင်္ဂလာရေကန်သို့ ရောက်လာသော ပဘာဝတီက ကြာပွင့်ကြီးတစ်ပွင့်ကိုလှမ်းအခူး ကုသသည် ကြာရွက်ကိုဖယ်၍ ငါကုသမင်းတည်းဟု ဟစ်ကြွေးပြီးလျှင် ပဘာဝတီ၏လက်ကို ဖမ်းဆွဲလေသည်။ ပဘာဝတီမှာ ကြောက်လန့်၍ မေ့လဲသွားတော့သည်။ သတိရလာချိန်၌ မိမိကိုဆွဲကိုင်သူမှာ ကုသမင်းဖြစ်သည်ကို သိလိုက်ရသည်။ ရုပ်ဆိုးသူနှင့် မပေါင်းဖက်လို၍ ပဘာဝတီ တစ်ယောက် သာဂလပြည်သို့ ပြန်လေသည်။

ကုသကား သာဂလပြည်သို့ လိုက်လေသည်။ ဆင်တင်းကုပ်တွင် ညအိပ်ရင်းနှင့် စောင်းတီး၍ ပဘာပတီကို အမျက်ပြေရန် ကြိုးစားလေသည်။ ပဘာဝတီက သာဂလပြည်အတွင်း၌ ညအချိန်စောင်းမတီးရဟု သတ်မှတ်လိုက်သည်။ ထို့ကြောင့် ကုသမင်းသည် အိုးထိန်းသည်၊ ကျူထရံသည်၊ ပန်းကုံးသည်၊ စားတော်ချက် ဘဝတို့ဖြင့် ပဘာဝတီကို တွေ့ခွင့်ရရန်ကြိုးပမ်းသည်။ နောက်ဆုံး ကုသမင်း စိတ်အကြံလျှော့ရမည့်ကိန်းသို့ ဆိုက်လာချိန်တွင် သိကြားမင်းက မဒ္ဒရာဇ်မင်းကြီး၏ တမန်အသွင်ဆောင်လျက် ခုနစ်ပြည်ထောင်သော မင်းများထံသွား၍ ပဘာဝတီသည် ကုသမင်းကို စွန့်ပစ်၍ ပြန်လာသည်။ သင်တို့သည် ပဘာဝတီကို လာယူလှည့်ကြကုန်ဟု စေလေသည်။

ထိုအခါ ခုနစ်ပြည်ထောင်မင်းတို့က မဒ္ဒရာဇ်ဘုရင်အား ပဘာဝတီ ပေးမည်လော၊ စစ်ကိုထိုးမည်လောဟု ရာဇသံပေးပြီး မြို့ကို ဝိုင်းလေသည်။ မြို့ကိုပျက်မည်စိုး၍ မဒ္ဒရာဇ်မင်းက ပဘာဝတီကို ခုနစ်ပိုင်းပိုင်း၍ ခုနစ်တိုင်းဝေရန် စီစဉ်စေသည်။ ထိုအခါ ပဘာဝတီက သူမ၏မိခင်မယ်တော်ထံသို့ ငိုယို၍ လျှောက်ထားလေသည်။ မယ်တော်က "ကုသမင်းရှိလျှင် ကောင်းလေစွ"ဟု တမ်းတသည်။ ထိုအခါတွင်မှ ပဘာဝတီက သာဂလပြည်သို့ ကုသမင်းရောက်နေကြောင်း၊ စားဖိုသည်ဘဝနှင့် အလုပ်လုပ်နေသော ကုသမင်းကို ညွှန်ပြလိုက်သည်။ မယ်တော်သည် ပဘာဝတီအား ပြစ်တင်စကားဆိုသည်။ ထိုအကြောင်းကို မဒ္ဒရာဇ်ဘုရင်ထံ လျှောက်ထားသည်။ မင်းကြီးက ကုသထံသွား၍ တောင်းပန်စကားဆိုသည်။ ပဘာဝတီကိုလည်း တောင်းပန် ကန်တော့ခိုင်းသည်။ ကုသမင်းသည် မိမိစီးသော ဆင်ပေါ်တွင် ပဘာဝတီကိုတင်၍ ခုနစ်ပြည်ထောင်မင်းတို့ကို စစ်ထွက်တိုက်သည်။ ကုသမင်းစစ်အောင်နိုင်ခဲ့လေသည်။ ထို့နောက် ခုနစ်ပြည်ထောင်မင်းတို့နှင့် စစ်ပြေငြိမ်းရင်း ပဘာဝတီ၏ ကျန်ညီအစ်မခုနစ်ဖော်ကို မင်းတစ်ပါးစီထံ လက်ဆောင်ဆက်သည်။ ကုသမင်းနှင့် ပဘာဝတီ မိဖုရားကြီးတို့လည်း ကုသဝတီပြည်သို့ ပြန်လည်ဇာတ်ပေါင်းလေသည်။

မင်းကုသဇာတ်တော်သည်–

၁။ လုံ့လ၊ ဝီရိယ၊ ဇွဲ၏ အကျိုးကျေးဇူးကို ခံစားရမြဲဖြစ်သည်။

၂။ သည်းခံ၊ ခွင့်လွှတ်၊ စိတ်ရှည်ခြင်း၏ အကျိုးကျေးဇူးကို ခံစားရမြဲဖြစ်သည်။

၃။ ရဲစွမ်းသတ္တိရှိခြင်း၏ အကျိုးကျေးဇူးကို ခံစားရမြဲဖြစ်သည်။

၄။ လက်မှုအနုပညာနှင့် အတတ်ပညာရပ်များသည် အချိန်၊ နေရာ ဒေသမရွေး အသုံးဝင်မှုရှိမြဲ ဖြစ်သည်။

၅။ ကံ၊ ကံ၏အကျိုးကျေးဇူးကို ခံစားရမြဲဖြစ်သည် စသည့်ရည်ရွယ်ချက်နှင့် အနှစ်သာရများကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ကုသဇာတ်တော်၌ ဇာတ်ရုပ်များအဖြစ်–

၁။ ဥက္ကာကဘုရင် (ကုသ၏ခမည်းတော်)

၂။ သီလဝတီမိဖုရား (ကုသ၏မယ်တော်)

၃။ ကုသမင်း

၄။ ပဘာဝတီ

၅။ ဇယမ္ပတိ (ကုသ၏ညီတော်)

၆။ မဒ္ဒရာဇ်ဘုရင် (ပဘာဝတီ၏ခမည်းတော်)

၇။ ပဘာဝတီ၏မယ်တော်

၈။ ခုဇ္ဇာ (ပဘာဝတီ၏အထိန်းတော်)

၉။ ကုသဝတီပြည်နှင့် သာဂလပြည်တို့မှ ဝန်နှင့်မှူးမတ်များ၊

၁၀။ ဆင်ထိန်း၊ မြင်းထိန်း၊ ဥယျာဉ်တော်စောင့်ရဲမက် စသည့် ဇာတ်ပို့များ ပါဝင်လေသည်။

ကုသဇာတ်ကို ဇာတ်လမ်းသဘောအရ စင်တင်ကပြမည်ဆိုပါက အပြထက် အပြောကပို၍ နှစ်သက်ဖွယ်ဖြစ်လာနိုင်ပါသည်။ ဦးစွာပထမ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆွမ်းခံသွားစဉ် လှပချောမောသူ အမျိုးသမီးတစ်ဦးကို မြင်တွေ့မိရာမှ လူထွက်လိုစိတ် ပြင်းထန်လာသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ အတိတ်ဇာတ်ကြောင်းကို ဖော်ထုတ်ကပြသင့်ပေသည်။

ထို့ပြင်–

(၁) ရုပ်သေးသမားစဉ်အရ မလ္လတိုင်း ကုသဝတီပြည် ဥက္ကာကမင်းကြီးက ညီလာခံကျင်းပရာ၌ မိဖုရားကြီးသီလဝတီတွင် အရုပ်ဆိုးအကျည်းတန်သော သားတော်ကြီး ကုသကုမ္မာနှင့် ချောမောလှပသော သားငယ်ဇယမ္ပတိဟူသော သားနှစ်ပါး ထွန်းကားကြောင်း၊ ကုသသည် မိဘနှစ်ပါးက သင့်လျော်သော မိန်းမဖြင့် လက်ထပ်ရန် တိုက်တွန်းခဲ့ရာ လှပသော ရွှေစင်ရုပ်တု တစ်ခုပြုလုပ်ပြီးလျှင် ယင်းရွှေစင်ရုပ်တုနှင့်တူသော မိန်းမနှင့်မှ ထိမ်းမြားလိုသည်ဆိုသဖြင့် မှူးမတ်များအား ရွှေစင်ရုပ်နှင့်အတူ စေလွှတ်ရှာဖွေစေခဲ့ရာတွင် မဒ္ဒရာဇ်မင်း၏ သမီးတော် ပဘာဝတီအားတွေ့ရှိ၍ လက်ထပ်ပေးခဲ့ကြောင်း၊ ကုသနှင့်ပဘာဝတီတို့အား အကြောင်းပြု၍ နေ့အတူမစံရ၊ ညအခါကျမှ အတူစံကြဖို့ သီလဝတီမိဖုရားကြီးက စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် သားတော်က ပဘာဝတီကို မြင်တွေ့လိုလှ၍ သင့်လျော်သောအစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ရန် အမိန့်ပေးခန်း။

(၂) မယ်တော်သီလဝတီအား ကုသက ဆင်မင်္ဂလာ၊ မြင်းမင်္ဂလာပွဲတို့၌ ပဘာဝတီအား တွေ့မြင်ခဲ့ရသော်လည်း မတင်းတိမ်နိုင်သေး၍ ထပ်မံတွေ့လိုကြောင်း ပူဆာခန်း။

(၃) မယ်တော်သီလဝတီက ကုသအား ဥယျာဉ်တော်ရှိ ရေကန်အတွင်း၌ ပဒုမ္မာကြာတို့ဖြင့် ဖုံးအုပ်ကွယ်ဝှက်၍ နေစေပြီးလျှင် ပဘာဝတီကို ရေကန်အတွင်းဆင်းခိုင်းစေ၊ ကုသက ပဘာဝတီလက်ကိုဆွဲ၍ ငါကုသမင်းဖြစ်သည်ဟု ပြောဆိုခြောက်လှန့်ခန်း။

(၄) ပဘာဝတီ သာဂလမြို့သို့ပြန်ရာတွင် ကုသလည်း နောက်မှ လိုက်ခန်း။

(၅) ကုသမင်း ဆင်တင်းကုပ်မှ စောင်းတီး သီချင်းဆို၍ ချစ်ရေးဆိုခန်း၊ ပဘာဝတီက မြို့ဝန်အားခေါ်၍ သာဂလပြည်အတွင်း စောင်းမတီးရ အမိန့်ထုတ်ခိုင်းခန်း။

(၆) မင်းကုသက များစွာလှပသော အိုးနှင့်ဖျာများ၊ အနံ့အရသာနှင့် ပြည့်စုံသော ဟင်းလျာများကို စီစဉ်ပြုလုပ်၍ ပဘာဝတီထံ ဆက်သခန်း၊ ပဘာဝတီက လုံးဝလက်မခံဘဲနေခန်း။

(၇) မင်းကုသက ပဘာဝတီထူမှထမယ်ဆိုကာ မင်းသမီးအဆောင် တံခါးဝတွင်အိပ်၍ အလိုစမ်းခန်း။

(၈) သိကြားမင်းထွက်၍ မဒ္ဒရာဇ်မင်း၏ တမန်ဟန်ဆောင်၍ ခုနစ်ပြည်ထောင်မင်းများထံသွား၍ ပဘာဝတီသည် ကုသမင်းကို စွန့်ပစ်၍ပြန်လာရာ မင်းများက ပဘာဝတီကို ဝိုင်းရံဆောင်ယူလှည့်ဟု စကားလွှင့်မည့် အကြံအစည်ကို ပြောပြခန်း။

(၉) မဒ္ဒရာဇ်မင်း ညီလာခံကျင်းပစဉ် ခုနစ်ပြည်ထောင်မင်းတို့က သာဂလမြို့ကို ဝိုင်းရံကာ "ငါတို့အား ပဘာဝတီကို ပေးအပ်မည်လော၊ စစ်ထိုးမည်လော"ဟု ရာဇသံပို့ခန်း၊ မဒ္ဒရာဇ်မင်းက ပဘာဝတီကို ခုနစ်ပိုင်းပိုင်း ခုနစ်တိုင်းဝေစေဟု ဆိုခန်း။ ထိုအခါ မိဖုရားနှင့် ပဘာဝတီသည် ဘုန်းတန်ခိုးနှင့်ပြည့်စုံသော မင်းကိုရလျက် လင်ကို ကျွန်အဖြစ်ပြုဘိ၏ဟုဆိုစေ။ ထိုအခါ ပဘာဝတီက ဖခင်ဘုရင်ထံ တောင်းပန်ရာ မင်းကြီးက ပဘာဝတီအား ကုသမင်းထံ သွား၍ တောင်းပန်ကန်တော့ရန် စေခိုင်းခန်း။

(၁၀) ပဘာဝတီက ကုသမင်းထံ တောင်းပန်ခန်း၊ မင်းကုသက ကြုံးဝါး၍ ရန်သူများထွက်ပြေးခန်း၊ ကုသမင်းသည် ချောမောလှပသည့် ရုပ်အသွင်ပြောင်းလဲခန်း၊ ကုသမင်းက ပဘာဝတီ၏ ညီမခုနစ်ဦးကို ခုနစ်ပြည်ထောင် မင်းခုနစ်ပါး အား တစ်ဦးစီပေး၍ မိတ်ဖွဲ့ပြီးလျှင် ပြန်လွှတ်ခန်း။

(၁၁) ကုသနှင့် ပဘာဝတီတို့၏ သစ္စာထားနှစ်ပါးသွားခန်းဖြင့် ဇာတ်သိမ်းခန်းတို့ဖြင့် စီစဉ်ကပြရန် သင့်ပေသည်။

အကြောင်းသင့်ပါက ဗုဒ္ဓမြတ်စွာ၏ အလိုအရ ကံ၊ ကံ၏အကျိုးကျေးဇူးကို ခံစားရမြဲ ဖြစ်တတ်သည့် ကုသနှင့် ပဘာဝတီတို့၏ အတိတ်ဇာတ်ကြောင်းကိုလည်း အပြော (သို့မဟုတ်) အပြ တစ်မျိုးဖြင့် ဇာတ်မရိုးအောင် ကပြသင့်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➥

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပြဋ္ဌာန်းရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယ ရှေ့နေချုပ် ဦးမြင့်နိုင်၊ ရဲချုပ်နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာ ထွန်းတို့ တက်ရောက်ကြသည်။

ဆွေးနွေးအကြံပြု

အစည်းအဝေးတွင် သဘာပတိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်ကတည်းက ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များဖြစ်သော လူကုန်ကူးမှု တိုက်ဖျက်ရေး၊ လူမှောင်ခိုမှု တိုက်ဖျက်ရေးစာချုပ်တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် လိုက်လျောညီထွေမှုရှိသော ဥပဒေသစ်ပြဋ္ဌာန်းရေးအတွက် ၂၀၀၄ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ရှေ့နေချုပ်ရုံးမှ ပထမမူကြမ်းအဆင့်အထိ စိစစ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယင်းဥပဒေကို အမြန်ပြဋ္ဌာန်းနိုင်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး အဆိုပါ ဥပဒေမူကြမ်းကို အသေးစိတ်ညှိနှိုင်းဆွေးနွေးအကြံပြုကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

➥ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

ကုသမင်းနှင့် ပဘာဝတီတို့၏ အတိတ်ဘဝတစ်နေရာ၌ မရီးနှင့် မတ်တော်ခဲ့ပုံ၊ ကုသအတွက် ချန်ထားသောမုန့်တို့ကို မရီးဖြစ်သူ (ပဘာဝတီ)က ပစ္စေကဗုဒ္ဓကို လှူလိုက်ပုံ၊ ကုသက ဒေါသထွက်၍ ပစ္စေကဗုဒ္ဓထံမှ မုန့်ကို ပြန်ရယူလိုက်ပုံ၊ ထိုအကုသိုလ် ဇောအဟုန်ကြောင့် ကုသဘဝ၌ ရုပ်ဆိုးအကျည်းတန်ရပုံ၊ ပဘာဝတီက ထောပတ်မုန့်ဆွမ်း လှူလိုက်ပြီး ဆုတောင်းကောင်းခဲ့၍ ယခုဘဝ၌ ဆီမီးမထွန်းဘဲ လင်းရပုံ၊ ကုသမင်း၏ ဆုတောင်းကြောင့် မရီးနှင့် မတ်တော်တို့ အလွန်ဝေးကွာသောနေရာဒေသခြားသော်လည်းပေါင်းဖက်ကြရပုံစသည့်အလှူဒါနနှင့်ပတ်သက်၍ စိတ်စေတနာအမှန်ထားရှိရန် အသိကိုလည်း ပေးနိုင်ပါသေးသည်။

ကုသပျို့ကို ရေးသားသူ မုံရွေး ဇေတဝန်ဆရာတော်ဘုရားက ကုသမင်းစစ်အောင်နိုင်ပုံ၊ ကြုံးဝါးပုံကို "အဟံကုသရာဇာ၊ ဇိဝိကတ္တိကာဥရေနနိ၊ ပဋ္ဌန္တု၊ ပုဒ်ပေါင်းစုလျက် အထုကြီးစွာ၊ များဗိုလ်ပါတို့၊ ငါတမူကား သိကြားဆုနှင်း၊ ကုသမင်းတည့်၊ မယွင်းမပျက်၊ အသက်ရှည်ထွေ၊ မသေပျောက်လို၊ ကိုယ်စိတ်ချမ်းသာ၊ ဖြစ်ချင်ပါမူ၊ မကြာစေလင့်၊ ရင်ဖြင့်ထပ်လေ၊ ရိသေဂါရဝ၊ တုပ်ကွမွေ့သိမ်၊ ရှိဦးနှိမ်ဟု၊ သုံးကြိမ်အစေ့၊ ရွေခြသေ့သို့၊ ဓလေ့ကြော်ညံ၊ ကျွန်းလုံးလျှံအောင်၊ အသံခါလှစ်၊ ကြွေးကြော်ဟစ်သည်၊ တောင်မြစ်ရေမြေ ဖောက်ထွင်းတည်း…"ဟု ဖော်ပြရေးသားခဲ့ပုံမှာ ကုသမင်း၏ ဘုန်းသမ္ဘာကို တစ်နည်းအလေးင်းတော်တို့၏ ဘုန်းရိပ်ကံရိပ်ကို မီးမောင်းထိုးပြနေပုံ ရောက်ပါသည်။

ကုသဇာတ်ကို ကပြတင်ဆက်ရာ၌ ပဘာဝတီသည် ကုသမင်းကြီး၏ ချစ်စရာ၊ ကြိုက်စရာ၊ လွမ်း စရာ၊ ဆွေးစရာစသည့် အကြောင်းတရား (အာလမ္ဗဏ ဝိဘာဝ)ကို ဖြစ်စေ၏။ ပတ်ဝန်းကျင်အကြောင်းတရား အခြံအရံ (ဥပမာ–မြစ်ကမ်းပါး၌ ကုသဝတီပြည်မှ မှူးမတ်မင်းချင်းများနှင့် ပဘာဝတီ၏ အထိန်းတော် ခုဇ္ဇာကို တွေ့ခန်း၊ ခုနစ်ပြည်ထောင်မင်းများနှင့် ပဘာဝတီ၏ ကျန်ညီအစ်မခုနစ်ဖော်)စသည်တို့သည် (ဥဒ္ဒီပန ဝိဘာဝ) အခြံအရံ အကူအညီအကြောင်းတရားဟူ၍ ဖော်ပြနိုင်ပါသည်။

ထို့ပြင် ကုသဇာတ်ကို ကပြခြင်းဖြင့် ကုသမင်းကြီးသည် ထီးနန်းကို စွန့်ပစ်ခဲ့၍ မဒ္ဒရာဇ်တိုင်း သာဂလနေပြည်တော် ပဘာဝတီမင်းသမီးနောက်သို့ စောင်းတော်ပိုက်ပြီး လိုက်သွားခဲ့၍ ဆင်ချေးကျုံးအလုပ်သမား၊ ဖျာရက်၊ အိုးလုပ်၊ ထမင်းချက်အလုပ်သမား၊ ထမင်းအိုးထမ်း၊ ဟင်းအိုး ထမ်း အလုပ်သမားလုပ်ပြီး ပဘာဝတီ၏ အချစ်ကိုရအောင် ဒုက္ခအမျိုးမျိုး ခံပြီး ပိုးပန်းခဲ့ရပုံများမှာ အလွမ်း၊ အဆွေးအရသာ(ဝိယောဂသိင်္ဂါရရသ)ကို ဖော်ထုတ်ကပြနိုင်လေသည်။

ဇာတ်ပေါင်းခါနီးတွင် ပဘာဝတီကိုယ်တိုင် ကုသမင်းကို ဒူးထောက်တောင်းပန်ပြီး နှစ်ဦးသား ပြန်လည်ချစ်ခင် မေတ္တာမျှခဲ့ပုံများမှာလည်း ချစ်ကြည်နူးသည့် အရသာ(သမ္ဘောဂ သိင်္ဂါရရသ)ကို ဖော်ပြနိုင်ပါသည်။

ဇာတ်စာ၊ ဇာတ်စကားအနေဖြင့် ကုသပျို့လာ

"တစ်ယောက်ပညာ၊ ဘုန်းရင့်မာလျက်၊ ရုပ်ဝါမလှ၊ တစ်ယောက်ကသား၊ လှပအဆင်း၊ ပညာကင်းအံ့။"

"ပညာအထု၊ ဂုဏ်အစုနှင့် ဇမ္ဗူတကြော၊ ပြိုင်သူလျှော့အောင်၊ ဩရသထူး၊ သားဦးရတနာ။"

"ရှေးဝိပါက ကမ္မဇကြောင့် ဝဏ္ဏာရုပ်ဆင်း၊ ငါ့အချင်းကား၊ လူချင်းကွဲစွာ၊ မှင်ဥပါ၏။"

"မင်း၏ရင်သွေး၊ ရှာရွေးဆောင်ယူ၊ ထိမ်းမြားမူလည်း ဘယ်သူငါ့အား၊ ကြိုက်ငြားပချိမ့်။"

"အဟံကုသ၊ ပဝရာဘူမိန်၊ ရာဇိန္ဒာဓိပတိ၊ သိရိဓဇ နရပတိဇနိန္ဒာ၊ မင်းကျော်စွာဟု၊ အာဏာကြုံးထစ်၊ သုံးကြိမ်လှစ်သော်၊ မြအမြှောင်မြှောင်၊ သောင်အဆိုင်ဆိုင်၊ အင်းအိုင်များစွာ၊ ဗလဝါဝဲဝှတ်၊ သမုဒ်နက်ကျယ်၊ ပင်လယ်ရေကြော၊ တောင်တောမြေပြင်၊ ကောင်းကင်မိုးရပ်၊ တိမ်ထပ်ကွဲကွာ၊ အာဠာဝက၊ ပုဏ္ဏကစစ်၊ ဘီလူးဟစ်သို့။"

စသည့် စာအလှတို့ ကိုလည်း ရွေးထုတ်သီကုံးနိုင်ပါသေးသည်။

အချုပ်ဆိုရသော် ဖွဲ့၊ လှံ့၊ လ၊ ဝီရိယရှိပါက မည်သို့သောအကြောင်းတရားများရှိနေပါစေ တစ်နေ့ အကျိုးတရားကိုရရှိနိုင်စေမည် ဟူသော အသိနှင့် တေရသမအကြိမ် (၁၃ ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ပြိုင်ပွဲဝင်တို့၏ ကုသဇာတ် တင်ဆက်လာမှုကို ပွဲကြည့်ပရိသတ်တို့က ရင်ခုန်စွာ စောင့်မျှော် အားပေးနေမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အောင်ဓမ္မရိပ်သာ ဝါတွင်းတရားပွဲ

ရန်ကုန် ဇွန် ၁၅

လှိုင်မြို့နယ်၊ သမိုင်း(မရမ်းခြံ) အောင်ဓမ္မရိပ်သာတွင် (၂၂၈)ကြိမ်မြောက် ဝါဆို တရားပွဲများကို ဇူလိုင် ၂၂ရက်မှ ဩဂုတ် ၂ရက်အထိလည်းကောင်း၊ ဩဂုတ် ၁၂ရက်မှ ဩဂုတ် ၂၃ရက်အထိလည်းကောင်း၊ စက်တင်ဘာ ၂ရက်မှ ၁၃ရက်အထိလည်းကောင်း၊ အောက်တိုဘာ ၆ရက်မှ ၁၇ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။ (က–ပ)

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (ရန်ကုန်တိုင်းရုံး)၏ ၂၀၀၅–၂၀၀၆ ခုနှစ် ပညာသင်စရိတ်ထောက်ပံ့သည့် အခမ်းအနားကို ဇွန် ၁၅ ရက်က ကျင်းပပြီး ပညာသင်စရိတ်ကျပ် ၉၈၂၀၀၀ နှင့် ဗလာစာအုပ် ၁၃၈ ဒါဇင်ကို ထောက်ပံ့ရာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်အေးက ကျောင်းသားတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (က–ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၅–၆–၂၀၀၅)

သံတွဲ	၂ ဒသမ ၃၆ လက်မ
ကျောက်တော်	၂ ဒသမ ၂၄ လက်မ
မြစ်ကြီးနား	၁ ဒသမ ၈၁ လက်မ
ထားဝယ်	၁ ဒသမ ၈၁ လက်မ
ခန္တီး	၁ ဒသမ ၇၃ လက်မ
တောင်ငူ	၁ ဒသမ ၆၉ လက်မ
ရေး	၁ ဒသမ ၆၁ လက်မ

(၁၄၅) ကျုံးကြီးလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးကျော်ခင်–ဒေါ်လှရင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်း (ရန်ကုန်)သို့ လှူဒါန်းရာ မော်တော်ယာဉ်အဖွဲ့ဝင် ဦးရွှေထိုက်နှင့် ပြန်ကြားရေးခေါင်းဆောင် ဦးချိုသန်းတို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၆–၆–၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	တမ်းတမ်းတတချစ်ခဲ့လို့ (ဂီတလွင်ပြင်)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	ခမီးရိုးရာယဉ်ကျေးမှုအက
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	၂၀၀၅ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ဘဝတွက်တာ ကျွမ်းကျင်စရာ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မိုးလေဝသခန့်မှန်းချက်
၈း၃၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၂၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ကောင်းကျိုးရှိမည် (CMP)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အမျိုးသားရေးစွမ်းရည် အရည်အသွေးပြည့်ဝပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် အေးချမ်
အနှောင့်အယှက် အခက်အခဲများကို အသက်တည်းဟူသော အကြောင်းကြောင့်ဖြစ်စေ နောက်

✡ ရှေ့ဖုံးမှ

ယနေ့ဖွင့်လှစ်သော မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် ပညာရည်အဆင့်မြင့်သည့် မျိုးဆက်သစ်လူငယ်များကို နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် အမျိုးသားရေး အင်အားစုကြီးဖြစ်လာအောင် စုစည်းပျိုးထောင် လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း။

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများနှင့် နိုင်ငံတကာရေးရာ ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံအခြေအနေနှင့် ကမ္ဘာ့အခြေအနေကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး စုစည်းဆက်စပ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာခွင့်ရကြမည်ဖြစ်ကြောင်း၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဘာသာရပ်သည် နက်ရှိုင်းကျယ်ဝန်းသဖြင့် ဘဝအတွေ့အကြုံနှင့် ဆက်စပ်ဆန်းစစ် လေ့လာကြရန်ဖြစ်ကြောင်း။

ပုံဖော်လမ်းခင်းပေးနေ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စဉ်တိုက်ဆက်တိုက် လေ့ကျင့်ပျိုးထောင်ပေးနေမှုများသည် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်လမ်းခင်းပေးနေခြင်းဖြစ်ကြောင်း၊ အမျိုးသားရေးစွမ်းရည် မြင့်မားရေးအတွက် ယုံကြည်ချက်၊ ခံယူချက် ရှင်သန်ခိုင်မာရေး၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးရေး၊ အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြင့်မားရေးအတွက် အသိပညာ၊ အတတ်ပညာ၊ သက်မွေးဝမ်းကြောင်းပညာနှင့် ခေတ်မီနည်းပညာများကို ဆွေးနွေးပို့ချနေခြင်းဖြစ်ကြောင်း၊ ယခုလို လေ့ကျင့်ပျိုးထောင်မှုများကြောင့် အမျိုးသားရေးစွမ်းရည် မြင့်မားပြီး ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့် နိုင်ငံ့သားကောင်း အရည်အချင်းများ၊ ကျွမ်းကျင်မှု အရည်အသွေးများကို ရရှိစေကြောင်း။

မြန်မာ့ရေးရာကို လေ့လာမည်ဆိုလျှင် မြန်မာနိုင်ငံသည် သဘာဝအားဖြင့် ပထဝီဝင်ဖွဲ့စည်းမှု အခြေခံကောင်းနှင့် ရာသီဥတု အခြေခံကောင်းများ ပိုင်ဆိုင်ကြောင်း၊ သဘာဝသယံဇာတလည်း ပေါများကြွယ်ဝမှုရှိကြောင်း၊ ယင်းတို့သည် သဘာဝ၏ စွမ်းအားများဖြစ်ကြောင်း၊ အခြားစွမ်းအားတစ်ခုမှာ မြန်မာ့လူ့အဖွဲ့အစည်းပင်ဖြစ်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် သမိုင်းအစဉ်အလာ ယဉ်ကျေးမှုအခြေခံကောင်းများရှိကြောင်း၊ မြန်မာနိုင်ငံသားများ၏ ထင်ရှားသည့်ဂုဏ်ပုဒ်များကိုကြည့်လျှင် ဖွဲ၊ သတ္တိရှိပြီး စိတ်ရှည်သည်းခံခွင့်လွှတ်တတ်ကြောင်း၊ အငြိုးအာဃာတမကြီးဘဲ ကျေအေးလွယ်ကြောင်း၊ အမျိုးကို စောင့်ရှောက်ထိန်းသိမ်းသည့် အမျိုးသားရေး စရိုက်လက္ခဏာကောင်းများနှင့် ပြည့်စုံသူများဖြစ်ကြောင်း၊ ယခုလိုသဘာဝတရား၏ အခြေအနေကောင်း၊ မြန်မာ့လူ့အဖွဲ့အစည်း၏ စရိုက်လက္ခဏာကောင်းများသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကောင်းများပင်ဖြစ်ကြောင်း။

အကြားအလပ်မကျန်

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အကြားအလပ်မကျန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ ဘက်စုံကဏ္ဍစုံ အားလုံးပါဝင်ကြောင်း၊ တိုးတက်ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံကောင်းများကို လက်တွေ့မျက်မြင် ခံစား စံစားနေရပြီဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွက် ဘက်စုံကဏ္ဍစုံက နေ့မအားညမနား အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ဒေသအတွင်းနှင့် နိုင်ငံတကာ ဆက်ဆံရေးကို အလေးအနက်ထား ဆောင်ရွက်နေကြောင်း၊ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူ ဆက်ဆံရေး၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အတိအကျ လိုက်နာကျင့်သုံးနေကြောင်း၊ အာဆီယံ၊ ဘင်းမ်စတက်၊ GMS အဖွဲ့များ၏ လုပ်ငန်းများ၊ အစီအစဉ်များတွင် အလေးအနက် ပူးပေါင်းပါဝင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အချုပ်အခြာအာဏာပိုင်

မိမိတို့နိုင်ငံသည် ရာစုနှစ်ပေါင်းများစွာကတည်းက အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ဖြစ်ခဲ့ကြောင်း၊ ၁၉ရာစုအတွင်း ကိုလိုနီနယ်ချဲ့၏ ကျူးကျော်စစ်သုံးကြိမ်ဖြင့် မတရားသိမ်းပိုက်ခံခဲ့ရသဖြင့် နှစ်ပေါင်း ၁၂၀ကျော် လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရဖူးကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင်ရှိသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ စုစည်းညီညွတ်သည့်အင်အား၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြင့် လွတ်မြောက်အောင် ပြန်လည်ကြိုးပမ်းခဲ့သဖြင့် လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာပြန်လည်ရရှိခဲ့ကြောင်း။

လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာသည် နိုင်ငံတော်အတွက် ပင်မအကျဆုံး ဘိုးဘွားအမွေအနှစ်ဖြစ်ကြောင်း၊ ဤအမွေအနှစ်များကို မျိုးဆက်သစ်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်သွားရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် သမိုင်းကပေးသော အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ဖို့ ဖွဲ့စည်းဖြစ်ပေါ်လာသော အမျိုးသားရေးအင်အားစုကြီးဖြစ်ကြောင်း၊ ဤအမျိုးသားရေး အင်အားစုကြီးသည် ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုကြီးကို ကာကွယ်နိုင်စွမ်းရှိပြီး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲတွင် **"နိုင်ငံတော်တည်ဆောက်ရေး၏ တူရူချက်သည် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးဖြစ်ကြောင်း၊ ဤတည်ဆောက်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မျိုးဆက်ပေါင်းများစွာတို့၏ သမိုင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါး ခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်တီးနိုင်မည်ဖြစ်သည်၊ ပြည်ထောင်စုကို ကာကွယ်နိုင်မည်ဖြစ်သည်"**ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း။

နာယကကြီး၏ လမ်းညွှန်ချက်အတိုင်း ဒို့တာဝန်အရေး(၃)ပါးသည် ဦးထိပ်ပန်ဆင် ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်များ ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်သည် အမျိုးသားရေးမူဝါဒနှင့် ကျင့်စဉ်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏

ဒို့တာဝန်အရေး(၃)ပါး ခံယူချက်ရှိသူ
နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်

နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းတွင် တာဝန်ယူကြမည့် ယနေ့မျိုးဆက်သစ်လူငယ်များသည် ပြည်ထောင်စုကြီး၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုး၊ ငြိမ်းချမ်းရေး၏ တန်ဖိုး၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်၏တန်ဖိုးကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းကာကွယ် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်များနှင့် နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသည့် အမျိုးသားရေးမူဝါဒနှင့် ကျင့်စဉ်၊ နိုင်ငံရေးလုပ်ငန်းစဉ်များအတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးများက နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေသော ရှေ့လုပ်ငန်းစဉ်များကို နှစ်စဉ်ချမှတ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ရင်ဆိုင်ကျော်လွှား

နိုင်ငံတော်အဝန်း ကျင်းပပြုလုပ်ခဲ့သော လူထုအစည်းအဝေးများက ထုတ်ပြန်ကြေညာခဲ့သည့် ပြည်သူတို့၏ သန္နိဋ္ဌာန်(၆)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ်၊ ပုဂံလူထုအစည်းအဝေး ကြေညာချက်၊ ပြည်သူတို့၏ ပန်းတိုင်၊ လူငယ်ကတိသစ္စာ(၅)ရပ်နှင့် ပြည်သူတို့၏ တင်ပြချက်များ၊ ကြွေးကြော်သံများကို ဆန်းစစ်ကြည့်လျှင် မိမိနိုင်ငံ၏အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းဖြစ်စေသော အနှောင့်အယှက်၊ အဖျက်အဆီးမှန်သမျှ တွန်းလှန်ဖယ်ရှားလိုကြခြင်းနှင့် မိမိတို့နိုင်ငံသားများ၏ ဒို့တာဝန်အရေး(၃)ပါးအပေါ် ခံယူလိုက်နာဆောင်ရွက်လိုမှု ပြင်းပြမှုတွေကို အထင်အရှား တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး ဆန္ဒရှိနေခြင်းသည် ဤအခြေအနေကိုရောက်ရန် မောင်းနှင်နေသော စွမ်းအားကြီးပင်ဖြစ်ကြောင်း၊ အမျိုးသားရေးစွမ်းရည် အရည်အသွေးပြည့်ဝပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ အနှောင့်အယှက် အခက်အခဲများကို အသ

ဖြစ်စေ နောက်မဆုတ်ဘဲ ကြံ့ခိုင်ရေ

ကျော်လွှားသွားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသ

- **နိုင်ငံတော်၏ မူဝါဒများ ဦးတည်ချက်(၁၂)ရပ်၊ နိုင် လမ်းစဉ်(၇)ရပ်ကို ကျေညာ လုပ်ငန်းလမ်းညွှန်အဖြစ် ခံ**
- **နိုင်ငံတော်အစိုးရ၏ တိုင်း နိုင်ငံတကာဆက်ဆံရေးကို ဒေသအကျိုးပြု၊ နိုင်ငံ့အကျို ဆောင်ရွက်ရန်၊**

ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကောင်းများ

☆ **မြန်မာနိုင်ငံသည် သဘာဝအားဖြင့် ပထဝီဝင်ဖွဲ့စည်းမှု အခြေခံကောင်းနှင့် ရာသီဥတု အခြေခံကောင်းများပိုင်ဆိုင်၊ သဘာဝသယံဇာတလည်း ပေါများကြွယ်ဝမှုရှိ ယင်းတို့သည် သဘာဝ၏ စွမ်းအားများဖြစ်။**

☆ **အခြားစွမ်းအားတစ်ခုမှာ မြန်မာ့လူ့အဖွဲ့အစည်းပင်ဖြစ်၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် သမိုင်းအစဉ်အလာ ယဉ်ကျေးမှုအခြေခံကောင်းများရှိ မြန်မာနိုင်ငံသားများ၏ ထင်ရှားသည့် ဂုဏ်ပုဒ်များကိုကြည့်လျှင် ဖွဲ၊ သတ္တိရှိပြီး စိတ်ရှည်သည်းခံခွင့်လွှတ်တတ်၊ အငြိုးအာဃာတမကြီးဘဲ ကျေအေးလွယ်၊ အမျိုးကို စောင့်ရှောက်ထိန်းသိမ်းသည့် အမျိုးသားရေး စရိုက်လက္ခဏာကောင်းများနှင့် ပြည့်စုံ။**

☆ **ယခုလိုသဘာဝတရား၏ အခြေအနေကောင်း၊ မြန်မာ့လူ့အဖွဲ့အစည်း၏ စရိုက်လက္ခဏာကောင်းများသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကောင်းများပင်ဖြစ်။**

ကျေးရွာတိုင်း ကိုယ့်အ

ဝိုင်

၂၀၀၅ခုနှစ်၊ ဇွန်လ

ကိုယ့်အားကိုယ်ကိုးစာ

ကျေးရွာကိုယ့်အားကိုယ်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်

…ဖြင့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက် …င့်ဖြစ်စေ နောက်မဆုတ်ဘဲ ကြံ့ခိုင်ရေးပီပီ ကြံ့ခိုင်သောစိတ်ဖြင့် ရင်ဆိုင်ကျော်လွှား

…း ခံယူချက်ရှိသူများကသာ …ကအောင် ဖန်တီးနိုင်မည်

အနှောင့်အယှက် အခက်အခဲများကို အသက်တည်းဟူသော အကြောင်းကြောင့်ဖြစ်စေ နောက်မဆုတ်ဘဲ ကြံ့ခိုင်ရေးပီပီ ကြံ့ခိုင်သောစိတ်ဖြင့် ရင်ဆိုင်ကျော်လွှားသွားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **နိုင်ငံတော်၏ မူဝါဒများဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ကျေညက်ပိုင်နိုင်စွာ နားလည်သဘောပေါက် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာဆောင်ရွက်ရန်၊**
- **နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာဆက်ဆံရေးကို ပြည့်စုံအောင် လေ့လာဆည်းပူး၊ ဒေသအကျိုးပြု၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်၊**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

- **နာယကကြီး၏ လမ်းညွှန်ချက်များနှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရန်၊**
- **တိုင်းရင်းသားပြည်သူများအကြား အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားရေးဆောင်ရွက်ရန်၊**
- **နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး ထိပါးနှောင့်ယှက်မှုများကို အသိရှိရှိ၊ သတိရှိရှိ ထိန်းသိမ်းကာကွယ်ကြရန်** တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇွန်လ (၁၅)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၉၀၄၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

လယ်တီစံ တရားစခန်း

ရန်ကုန် ဇွန် ၁၅

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် လစဉ် ၁၀ရက် တရားစခန်းပွဲကို ဇွန် ၂၁ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်ရာ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည် လယ်တီစံဆရာတော်များက မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုလှူဒါန်းလိုသူ အလှူရှင်များသည် ဇွန် ၂၀ရက် ညနေ ၄နာရီအရောက် ကြွရောက်ပါရန်နှင့် ရိပ်သာဖုန်း-၂၀၁၆၃၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

Yangon Tourist Map အခမဲ့ဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co., Ltd. (D.P.S) က Yangon Tourist Map (09-2005) ကို အခမဲ့ ဖြန့်ချိနေပြီဖြစ်သည်။ **(ယာပုံ)**

အသေးစိတ်ဖော်ပြ

Yangon Tourist Map (09-2005) တွင် ရန်ကုန်တစ်မြို့လုံး အသေးစိတ်မြေပုံနှင့် စီးပွားရေးလုပ်ငန်း အများအပြားတည်ရှိရာ နေရာများကို အသေးစိတ်ဖော်ပြထားသော မြေပုံတို့ပါရှိသည်။

ရန်ကုန်မြို့ရှိ နိုင်ငံတကာလေကြောင်းလိုင်းများ၊ နိုင်ငံတကာသံရုံးများ၊ Hotel, Inn, Restaurant, Travel & Tour, Golf Courses, Medical Centers, Courier Services, Language Schools, Beauty Spa, Taxi & Transport Services စသည်တို့၏ တည်နေရာနှင့် ဖုန်းနံပါတ်များကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။

အလွယ်တကူ

ထို့ပြင် ကမ္ဘာ့လှည့် ခရီးသွားဧည့်သည်များ အသုံးပြုနိုင်ရန် ဈေးများ၊ နိုင်ငံတကာအဆင့်မီ အရောင်းခန်းမကြီးများ၊ ပြတိုက်များ၊ ဘုရားပုထိုးစေတီများ၊ ကျောက်မျက်ရတနာနှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များကိုလည်း တိကျသော လမ်းညွှန်များဖြင့် အလွယ်တကူ ရှာဖွေသွားရောက်နိုင်အောင် စီစဉ်ဖော်ပြထားသည်။

ထုတ်ယူနိုင်

မြန်မာတစ်နိုင်ငံလုံးမှ Hotels, Travel & Tour Operators, Embassies in Myanmar, Airlines, Restaurants, Souvenir-shop စသည့် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍လည်းကောင်း၊ e-mail, Phone, Faxတို့ဖြင့်လည်းကောင်း၊ (D.P.S) အမှတ်(၁၆၅-၁၆၇)၊ ၃၅ လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၄၀၂၀ တွင် ရုံးချိန်အတွင်း အခမဲ့ မှာကြားထုတ်ယူနိုင်သည်။

(သတင်းစဉ်)

မဟာသမယ အခါတော်နေ့တရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဇွန် ၁၅

၁၃၆၇ခုနှစ် (နယုန်လပြည့်) ဇွန် ၂၁ ရက် (မဟာသမယအခါတော်နေ့) နံနက် ၇နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ - အဖွဲ့ဝင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဇေယျသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာသိရီ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော ဆရာတော်ငါးပါးတို့က "မဟာသမယ အခါတော်နေ့သိကောင်းဖွယ်ရာ အဖြာဖြာတရားတော်"နှင့် "မဟာသမယသုတ်ပါဠိတော်များ"ကို အသံလွှင့် ဟောကြားတော်မူကြမည် ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၆-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀ ၆။ အရေးပြိုင်ပွဲ
၈း၂၀ ၇။ အကပဒေသာ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Let's Go.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၅း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၄၅ ၈။ **"မျှော်သူမမောစေချင်" (စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၆း၀၀ ၉။ တေးဂီတအစီအစဉ်
၆း၁၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆း၂၀ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆း၃၀ ၁၂။ ညနေခင်းသတင်း
၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ" (အပိုင်း ၃၉)**
၇း၃၅ ၁၅။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲအရေးပညာဘာသာ ရပ်သင်တန်း ပို့ချချက် (အပိုင်း-၂)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ (ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ) (မန္တလေးတိုင်း) (ဒုတိယပိုင်း)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ရခိုင်ပြည်နယ်ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် စစ်တွေအစိုးရနည်းပညာကောလိပ် တည်ဆောက်မှုလုပ်ငန်းနှင့် ရေချမ်းပြင်ကွင်းရေထိန်းတံခါး တည်ဆောက်မည့်နေရာကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ ရက် နံနက် ၁၁ နာရီခွဲတွင် စစ်တွေမြို့ အစိုးရနည်းပညာကောလိပ်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီးဒေါက်တာဝင်းနိုင်က ကျောင်းပညာသင်ကြားမှုအခြေအနေနှင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အချိန်မီပြီးစီး

ထို့နောက် တိုင်းမှူးကကျောင်းအတွင်း တည်ဆောက်ရေး လုပ်ငန်းများအား သတ်မှတ် စံချိန်မီစံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် အစိုးရ နည်းပညာကောလိပ်၏ သုံးထပ်ဆောင်ပေါ်မှ ကျောင်းပရိဝုဏ်အတွင်းရှိ တည်ဆောက်ဆဲကျောင်းတွင်းပတ်လမ်းများ၊ကျောင်းအဝင်လေးလမ်းသွားလမ်းမကြီးနှင့်မြေယာရှုခင်းအလှ တည်ဆောက်မှု အခြေအနေများ၊ အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက် ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရေထိန်းတံခါး

ထို့မှတစ်ဆင့်တိုင်းမှူးသည် စစ်တွေမြို့ ရေချမ်းပြင်ကွင်း လယ်မြေများအား ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ရန် ရေထိန်းတံခါး တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လိုက်ပါရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၅

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယ ကောဝိဒသာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇွန် ၁၈ ရက်မှ ၂၇ ရက် အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဖြစ်စေ ဇွန် ၁၇ ရက်အရောက် ဆက်သွယ် စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒုတိယဥက္ကဋ္ဌဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှု

ရန်ကုန် ဇွန် ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည်မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သို့ ရောက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီဝင် ဗိုလ်မှူးကြီးကျော်စိုး၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဦးသောင်းရင်၊ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန အဆောက်အအုံဌာနမှူး ဦးဇော်ဝင်း၊ စစ်ဆေးရေးဌာန ဌာနမှူး ဦးဇော်ဝင်းနှင့် သက်ဆိုင်ရာ လုပ်ငန်းတာဝန်ခံများက ရေတင်စက်တပ်ဆင်ရန် ပြင်ဆင်ထားရှိမှု၊ အရှည်ပေ၂၀၀၊ အကျယ်ပေ၃၀ရှိ ရေတွန်းစက်ရုံ တည်ဆောက်နေမှု၊ ရေစုကန် အရှည်ပေ ၂၂၀၊ အကျယ်ရှစ်ပေနှင့် အနက်၁၈ပေရှိကန်သုံးကန်အနက် လက်ရှိတစ်ကန်တူးဖော်ပြီးစီးမှု၊ ရေစစ်ကန်အကျယ်ပေ ၂၉၀၊ အကျယ်၆၉ပေခွဲ ပြုလုပ်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် စီမံကိန်းရှင်းလင်းဆောင်တွင် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီဝင် ဗိုလ်မှူးကြီးကျော်စိုးနှင့် လုပ်ငန်းတာဝန်ရှိသူများက လှည်းကူးမြို့နယ် ရေကတစ်ကျေးရွာအနီးရှိ ငမိုးရိပ်ဆည် ပင်မတူးမြောင်းကြီးမှ Head Regulator တည်ဆောက်ပြီး မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)စခန်းသို့ ရေခေါ်တူးမြောင်း အရှည် ၃၁၃၈၃ ပေဖြင့် ဆက်သွယ်ထားရှိမှုအခြေအနေ၊ ရေငုပ်ပြွန်များ ပြုလုပ်ဆက်သွယ်ထားမှု၊အကြိုအနယ်ထိုင်ကန် ပေ၄၀၀အရှည်၊ အကျယ်ပေ ၃၀နှင့် အနက်ရှစ်ပေ ကန်အမှတ်(အေ) တူးဖော်ပြီးစီးမှု၊ လျှပ်စစ်မီးကြိုးများ၊ မီးတိုင်များ စိုက်ထူပြီး ၄၀၀၀ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဦးစားပေးဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လုပ်ငန်းများ အရည်အသွေး ကောင်းမွန်စွာဖြင့် သတ်မှတ် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး၊ မိုးမကျမီကာလအတွင်းပြီးစီးရန်လျာထားသည့်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရေးမှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှော်ကားရေလှောင်ကန်သို့ သွားရောက်ကြပြီး လှော်ကားရေလှောင်ကန်အတွင်း ရေရရှိမှု အခြေအနေ၊ ရေဝေရေလဲဒေသနှင့် ရန်ကုန်မြို့တော်သို့ ရေတွန်းစက်မှတစ်ဆင့် ရေတွန်းပို့နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ရေဝေရေလဲဒေသထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေလှောင်ကန် လုံခြုံမှုရှိစေရေးအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။ (၁၉)

သွေးလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၅

ရွှေတိဂုံစေတီတော် အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ မင်္ဂလာဇူျဟာအသင်းချုပ်တွင် နှစ်လတစ်ကြိမ် ကျင်းပသည့် (၇၇)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဇွန် ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဇွန် ၂၅ရက် နံနက် ၇ နာရီတွင် သွေးလှူရှင်များ ကြိုတင်စာရင်းပေးရန်နှင့် ကုသိုလ်ရှင်များကလည်း လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။ (၂၃)

ကွင်းဆင်းဆောင်ရွက်

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဒညင်းကုန်းရပ်ကွက်အတွင်း နေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ဇွန် ၁၅ ရက်က ရပ်ကွက်ရုံး၌ ကွင်းဆင်းဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းလူဝင်မှုကြီးကြပ်ရေး အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးမှူး ဦးခင်အောင်နှင့် မြို့နယ်ဦးစီးမှူး ဦးရဲထွဋ်တို့ လိုက်ပါလျက် ကြည့်ရှုစစ်ဆေးစဉ်။ (၆၁)

သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
(၃) မော်တော်ယာဉ်ဘီးများ လေပေါင်ချိန် များလွန်းလျှင် လမ်းချော်နိုင်သည်။
(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
(၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
(၁၀) မြေသယ်ယာဉ်၊ အုတ်၊သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှု မရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါ စည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရောဝတီတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဇွန် ၁၅

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဇွန် ၁၂ရက် နံနက် ၈နာရီခွဲတွင် ပုသိမ်မြို့ ရောရှေ့ဝါခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားသည်။

စိုက်ပျိုး

ထို့နောက် တိုင်းမှူးသည် ကန်ကြီးထောင့်မြို့နယ် အပင်နှစ်ဆယ်ကျေးရွာရှိ ပုသိမ် အစိုးရနည်းပညာကောလိပ်ရှေ့၌ ကျင်းပသည့် ၂၀၀၅ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် ဇနီးတို့က သတ်မှတ်နေရာတွင် မဟော်ဂနီနှင့် သစ်ဆိမ့်ပင်တို့ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက မဟော်ဂနီ၊ သစ်ဆိမ့်၊ ဆီသပြေ၊ ငု၊ သရက်၊ စိန်ပန်းကြီး စသည့် ပျိုးပင် ၄၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

လိုက်လံနှုတ်ဆက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကန်ကြီးထောင့်မြို့သို့ ရောက်ရှိပြီး ဧရာသီရိသုခခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

ယင်းနောက် တိုင်းမှူးသည် ကန်ကြီးထောင့်မြို့ လောကမှန်ကူဆုတောင်းပြည့်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

မွန်းလွဲ ၁နာရီတွင် တိုင်းမှူးသည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် ပုသိမ်မြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ဒဂုံမြို့နယ် ဦးဝိစာရလမ်း နဝရတ်ရိပ်သာနေ ဖခင်ကြီး ဦးဘိုးမြင့်၊ မိခင်ကြီး ဒေါက်တာဒေါ်ရွှေကြည်တို့အား ရည်စူး၍ ဗိုလ်မှူးကြီးရဲသွေး-ဒေါက်တာ ဒေါ်အေးအေးမြင့်၊ သား မောင်ရဲသွေးဦး၊ သမီး မခင်စန္ဒီရဲသွေး၊ သား မောင်အောင်ရဲသွေးမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြန်/ ဆက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ခရိုင်ရုံးနှင့် မြို့နယ်ရုံးများ စစ်ဆေး

ရန်ကုန် ဇွန် ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဇွန် ၁၁ရက်တွင် ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း၊ ပေါင်းတည်မြို့နယ်ရုံးများနှင့် ပြည်ခရိုင်ရုံးတို့ကို လည်းကောင်း၊ ဇွန် ၁၂ရက်တွင် သာယာဝတီခရိုင်ရုံးကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်ရေးဆွဲ၍ စနစ်တကျ အကောင်အထည်ဖော်ရေး၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ဖွင့်လှစ်ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

ဘောလုံးရာသီအမှတ်ပေး ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် စလင်း အားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် ရွှေကြိုးကြာဘောလုံးအသင်းနှင့် ကြံခင်းစုလူငယ် ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရွှေကြိုးကြာ ဘောလုံးအသင်းက ၁၀ ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

ဖီဖာ ကမ္ဘာ့လူငယ်ဘောလုံးပြိုင်ပွဲ တရုတ်က ယူကရိန်းကို အနိုင်ရ

နယ်သာလန် ဇွန် ၁၄

ဖီဖာကမ္ဘာ့လူငယ် တံခွန်စိုက်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို နယ်သာလန်နိုင်ငံတွင် ယနေ့ ဆက်လက် ကျင်းပရာ အုပ်စု(ဘီ)မှ တရုတ်အသင်းက ယူကရိန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တရုတ်အသင်းသည် ပွဲပြီးခါနီး ၂၃ မိနစ်အလိုတွင် အသင်းသား ၁၀ ဦးဖြင့်သာ ယှဉ်ပြိုင်ခဲ့ရပြီး ကစားချိန် ၇၄ မိနစ်တွင် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂိုးဝင်

ယူကရိန်းအသင်းက ပွဲစကတည်းက တိုက်စစ်ဆင်ဖိကစားကာ ၁၈ မိနစ်အကြာတွင် ယူကရိန်းဘောလုံးသမား ဒီမီထရောဗ်ဗိုရိဘီက နောက်တန်းလူများကို လျှက်တပြက်ထိုးဖောက်ကာ ဂိုးသွင်းလိုက်ရာ ဘောလုံးသည် တရုတ်ဂိုးသမား ကာကွယ်သည့်ကြားမှ ဂိုးဝင်သွားခဲ့သည်။

တရုတ်အသင်းကလည်း ချေပဂိုးရရှိရေး ကြိုးပမ်းကစားခဲ့ရာ မိနစ် ၃၀ အကြာတွင် တရုတ်အလယ်တန်းလူ ဟိုဂျူမြင်က ညာတောင်ပံမှ ဘောလုံးကို ဆွဲယူလာပြီး တင်ပေးလိုက်သည်ကို ရှေ့တန်းကစားသမား ဇူတင်ဂ်က လှလှပပကန်သွင်း၍ တစ်ဂိုးစီသရေဖြစ်နေသည်။

ပနားမားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားခဲ့သော ယူကရိန်းအသင်းသည် တရုတ်အသင်းကို ဖိကစားလာပြီး ၆၃ မိနစ်တွင် ယူကရိန်းရှေ့တန်းလူ မီလဗ်စကီးသည် သေချာပေါက်ကန်သွင်းရာ ဂိုးသမား ကာကွယ်လိုက်နိုင်သည်။

၆၄ မိနစ်တွင် တရုတ်အသင်းက ပိုင်နယ်တီကန်ခွင့်ရရာ ချန်တိုကန်သွင်း၍ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။ သို့ရာတွင် တရုတ်ကစားသမား ဇူက ဒိုင်လူကြီးကိုတွန်းပြီး ငြင်းခုန်သဖြင့် ပိုင်နယ်တီ ပြန်ပေးခံရပြီး အာလီရက်ဗ်က တစ်ဂိုးပြန်ချေလိုက်သဖြင့် နှစ်ဂိုးစီဖြင့် သရေကျသွားရပြန်သည်။

နောက်ပိုင်း ၇၄ မိနစ်တွင် ချန်ဂ်ကန်လိုက်သော ထောင့်ကန်ဘောလုံးကို ကူပင်းက ပိတ်လိုက်နိုင်သဖြင့် တရုတ်အသင်းက ယူကရိန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ တရုတ်အသင်းသည် ဇွန် ၁၇ ရက်တွင် ပနားမားအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ***အင်တာနက်။***

တရုတ် ရှေ့တန်းကစားသမား ဇူတင်ဂ် လှလှပပ ချေပဂိုးကန်သွင်းလိုက်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချစ်ခြင်းငယ်ပြိုင်ဇာတ်ကား ရုံဝင်မည် ကျန်စစ်မင်းဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဇွန် ၁၅

ယခု သောကြာပတ် ဇွန် ၁၇ ရက်တွင် မြန်မာဇာတ်ကားသစ် **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကား တစ်ကားတည်း ပြိုင်ဘက်မရှိ ရုံတင်ပြသမည်ဖြစ်သည်။

မြနန္ဒာရုပ်ရှင် ထုတ်လုပ်ရေးမှ ဒေါက်တာမြမြဝင်း၏ ဝတ္ထုကို အကယ်ဒမီကိုကိုလေးက ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာကြည်စိုးထွန်းနှင့် တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးတို့ တာဝန်ယူရိုက်ကူးသည့် **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကား သမ္ဘတ၊ သွင်၊ မင်္ဂလာရုံ သုံးရုံ တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။ သရုပ်ဆောင်များအဖြစ် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာနှင့် ရွှေသွေးတို့ ခေါင်းဆောင် ပါဝင်ထားကြသည်။

ဇာတ်လမ်းမှာ ဖခင်တစ်ဦး၏ သားသမီးအပေါ် အနစ်နာခံ သံယောဇဉ်ကြီးပုံနှင့် တိုင်းတစ်ပါး အထင်ကြီးသည့် စိတ်များကို ချိုးနှိမ်ကာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးလိုစိတ် တိုးပွားစေရန် အဓိက ရည်ရွယ်ချက်ဖြင့် ရိုက်ကူးထားပြီး ဇာတ်ကားပါ သရုပ်ဆောင်များကလည်း ဇာတ်လမ်းနှင့် လိုက်လျောညီထွေ ကြိုးစား ပါဝင်သရုပ်ဆောင်ထားသည့် မြန်မာဇာတ်ကားကောင်း တစ်ကားအဖြစ် ရှုစားရမည်ဖြစ်သည်။

ယခု သောကြာပတ်တွင် ရုံတင်ပြသမည့် ချစ်ခြင်းငယ်ပြိုင်ဇာတ်ကားမှ ကျော်သူနှင့် စိုးမြတ်နန္ဒာတို့၏ ဇာတ်ဝင်ခန်း တစ်ကွက်ကို တွေ့ရစဉ်။

ပြသဆဲ ကျန်စစ်မင်းဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ကျန်စစ်မင်း

စတင်ရုံတင်သည်မှ ယခုတိုင် ပရိသတ်အားပေးမှု အရှိန်မြင့်ဆဲ **ကျန်စစ်မင်း**ဇာတ်ကားမှာ ရှေ့ဆောင်၊ နေပြည်တော်နှင့် နဝဒေးရုပ်ရှင်ဥယျာဉ်တို့တွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ သရုပ်ဆောင်မင်းသား လူမင်းကိုယ်တိုင် ဒါရိုက်တာအဖြစ်သာမက အဓိကဇာတ်ကောင် ကျန်စစ်မင်းအဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် ပုဂံသူရဲကောင်း ကျန်စစ်သား၏ အတ္ထုပ္ပတ္တိဇာတ်ကားဖြစ်ကာ လူမင်း၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှိုင်ဖြူဖြူထွဏ်းနှင့် ညွှန့်ဝင်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

အပြင်းစားရိုက်ချက်

စိန်သရဖူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဂေါက်ကြီး၏ ဇာတ်လမ်းကို မြတ်ခိုင်ဇာတ်ညွှန်းဖွဲ့၍ ဒါရိုက်တာ မိုက်တီး ရိုက်ကူးသည့် **အပြင်းစားရိုက်ချက်** ဇာတ်ကားတွင် လွင်မိုး၊ ထွန်းထွန်းနိုင်၊ မိုးဒီ၊ ခင်လှိုင်၊ ကင်းကောင်၊ ပိုးဖြူနှင့် ဇရာတို့ ခေါင်းဆောင်ပါဝင်ထား၍ ဟာသဇာတ်မြူး ဇာတ်ကားတစ်ကား ဖြစ်သည်။

(ကြေးမုံ)

အပြင်းစားရိုက်ချက် ဇာတ်ကားမှ မိုးဒီနှင့် ခင်လှိုင်တို့၏ သရုပ်ဆောင်မှုမြင်ကွင်း။

တနင်္သာရီတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ တက်ရောက်

ရန်ကုန် ဇွန် ၁၅

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ချို့တဲ့ကလေးများ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၉ရက်နံနက် ၈နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေက ချို့တဲ့ကလေးများနှင့် ကိုယ်အင်္ဂါချို့ယွင်းသောကလေးများ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အလှူငွေပေးအပ်

ဆက်လက်၍အလှူငွေများပေးအပ်ရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျပ် ၅၂၄၂၀၀၊ မြိတ်မြို့ ဆန်လုပ်ငန်းရှင် ဦးတင်ရိန်က ငွေကျပ်ငါးသိန်း၊ အလှူရှင်များ ကိုယ်စား ဒေါ်အေးအေး၊ ဒေါ်ခင်သန်းရီ၊ ဒေါ်ကြင်ဟုန်(ဟိုင်ဖိုင်)က ငွေကျပ်သိန်း ၂၀၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်သုံးသိန်းစီ အပါအဝင် စုစုပေါင်း ကျပ် ၃၆၂၄၂၀၀၊ ကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၏ ဇနီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီးတို့က ချို့တဲ့ကျောင်းသား ၃၂၄၈ ဦးနှင့် ကိုယ်အင်္ဂါချို့ယွင်းသည့်ကလေးငယ် ၁၀၇ ဦး တို့အား ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းပညာရေးမှူး ဦးသိန်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဘောလုံးပြိုင်ပွဲဖွင့်

ညနေပိုင်းတွင် တိုင်းမှူးသည် မြိတ်မြို့ မြို့မအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၅ခုနှစ် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံလူငယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားအသင်းများက တိုင်းမှူးအား အလေးပြုကြပြီးနောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ပြိုင်ပွဲဝင် အားကစားသမားများကအားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ပထမနေ့ ပွဲစဉ်အဖြစ် မြိတ်မြို့နယ်နှင့် ထားဝယ်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြိတ်မြို့နယ်အသင်းကနှစ်ဂိုးတစ်ဂိုး ဖြင့်အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

မင်းကွန်း ဓမ္မသာရ (ရေ၊ မီး၊ ဆွမ်း၊ ဆေး) ဆရာတော် တရားပွဲ

ရန်ကုန် ဇွန် ၁၅

မင်းကွန်းတောင်ရိုး ရေ၊ မီး၊ ဆွမ်း၊ ဆေး ဆရာတော် ဘဒ္ဒန္တဓမ္မသာရ (ဒီဃဘာဏက) အရှင်သူမြတ်သည် (နယုန်လပြည့်) ဇွန်၂၁ရက် မွန်းတည့် ၁၂နာရီတွင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော် စနေထောင့် ပြားတစ်ရာဓမ္မာရုံကြီး၌ ဦးမြသောင်း၊ ဒေါ်သိန်းလှ ဦးဆောင်သော သဃ်န်းကျွန်း ဈေးသူ၊ဈေးသားများ၏ (၁၀) ကြိမ်မြောက် မင်းကွန်းတောင်ရိုး ဓမ္မသာရ ရေ၊မီး၊ဆွမ်း၊ဆေးအလှူတော်နှင့် ဗုဒ္ဓတစ်ထောင် အလှူတော်ရေစက်ချပွဲ အခမ်းအနားတွင် နိဗ္ဗာန်ရောက်ကြောင်းတရား ချီးမြှင့်တော်မူမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် သင်တန်းသားများအား တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၁၅

မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၂ ရက် နံနက် ၉နာရီက မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၈)သို့ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံရာ ရှေးဦးစွာ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က ပြည်နယ်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းများ၏ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားပြီး မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၈)သို့ တက်ရောက်မည့် သင်တန်းသားများအား ထောက်ပံ့ငွေများ ပေးအပ်ရာ သင်တန်းသား တစ်ဦးက လက်ခံရယူခဲ့သည်။ (သတင်းစဉ်)

ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် တောင်သမန်ကန်ပတ်လမ်း ကျောက်ရိုးစီ မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများ မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၇ရက် ညနေ ၃ နာရီက ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ် ဧရာထွန်း(၁)ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်း၊ အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်အဝင် တောင်သမန်ကန် ပတ်လမ်းတစ်လျှောက် ကန်ရေတိုက်စားမှုဒဏ်ခံနိုင်ရန်အတွက် ကျောက်ရိုးစီ မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများ၊ ရန်ကုန်-မန္တလေးလမ်း မန္တလေးမြို့ အဝင်လမ်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး အနောက်ခြမ်းပတ်လမ်းဘေး သံလျက်မော်တောင်ရပ် ဧရာထွန်း(၁)ရပ်ကွက်သို့ ရောက်ရှိလာရာ လမ်းတံတားဌာန ဌာနမှူး ဗိုလ်မှူးအောင်စိုး၊သန့်ရှင်းရေးဌာန ဌာနမှူးဦးတင်ထွဋ်ကျော်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေ၊ သံလျက်မော်တောင်ရပ်ကွက် ဥက္ကဋ္ဌ ဦးထွန်းမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဧရာထွန်း တိုက်ခန်း အဆောင်(၄) လူနေတိုက်ခန်းများ နောက်ဘက်တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဧရာထွန်း ရပ်ကွက်များအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုလုပ်ငန်းများကို ရှင်းလင်း တင်ပြကြသည်။

ပညာပေးစည်းရုံး

မြို့တော်ဝန်နှင့်အဖွဲ့သည် ဧရာထွန်း တိုက်ခန်းအဆောင်(၄) နောက်ကျောဘက်တွင် ရေစီးဆင်းမှု ကောင်းမွန်ရေးအတွက် သန့်ရှင်းရေး မြောင်းဆယ်လုပ်သားကြီးများဖြင့် ရေနုတ်မြောင်းအတွင်းမှအမှိုက်သရိုက်အညစ်အကြေးများ ဆယ်ယူရှင်းလင်းနေမှု၊ စက်ယန္တရားဖြင့် ရေနုတ်မြောင်း တိုးချဲ့တူးဖော်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး ရပ်ကွက်များမှ စွန့်ပစ်အမှိုက်များ သတ်မှတ်နေရာများတွင် စနစ်တကျ စွန့်ပစ်ရေးအတွက် ရပ်ကွက်ပြည်သူများအား တာဝန်ရှိသူများကကြပ်မတ်ဆောင်ရွက်၍ ပညာပေး စည်းရုံးသွားရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည်အမရပူရမြို့နယ်ရတနာပုံတက္ကသိုလ်အဝင် တောင်သမန်ကန် ပတ်လမ်းသို့ ရောက်ရှိပြီး ကန်ပတ်လမ်း(အရှေ့ခြမ်း) တစ်လျှောက် လမ်းပခုံးသား ကန်ရေတိုက်စားမှုဒဏ် ခံနိုင်ရန်အတွက် ကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်နေမှုလုပ်ငန်း တိုးတက်မှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများ ပွင့်လင်းရာသီအမီ ပြီးစီးရေးအတွက် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်နည်းပါးအောင် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်သွားရန် လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)မှ တံခွန်တိုင် တံတားအထိ ရန်ကုန်-မန္တလေးလမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် မန္တလေးမြို့ အဝင်လမ်းမကြီး တစ်လျှောက် ယာဉ်ကြောခွဲလမ်းလယ်ကျွန်းနှင့် လမ်းလယ်ကျွန်းများအတွင်း၌ အရိပ်ရပင်များ၊ ပန်းအလှပင်များ ရှင်သန်ဖြစ်ထွန်းမှုနှင့် လမ်းဘေးဝဲ/ယာတစ်လျှောက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး သက်ဆိုင်ရာဌာနမှူးအား လိုအပ်သည်များ မှာကြားခဲ့သည်။

(၄၆၉)

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဇွန် ၆ ရက်က ညောင်လေးပင်မြို့နယ် မုက္ခမူကျေးရွာအုပ်စု မူလတန်းကျောင်းနှစ်ကျောင်းသို့ သွားရောက်၍ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်လှ၊ အတွင်းရေးမှူး ဒေါ်လှမြတ်နွယ်နှင့် ဒေါ်လှကြည်တို့ ဗလာစာအုပ် ဒါဇင် ၂၀နှင့် ခဲတံများလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး လက်ခံယူစဉ်။ (၁၂၆)

မြို့နယ်သတင်းများ

မြို့သာယာလှပရေး ဆောင်ရွက်

ဖားကန့် ဇွန် ၁၃

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး အတွက် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်က မော်ဝမ်းရပ်ကွက် အမှတ်(၃) လမ်းမကြီးတစ်လျှောက် ချုံနွယ်မြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဦးစီးအရာရှိ ဦးနေမျိုးနိုင် ဦးဆောင်၍ ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန် အနီးကပ်ကြီးကြပ်ခဲ့သည်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် ပေါက်တောမြို့ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် နတ်တောင်ပြင်ဆည်မှ ရေဖြန့်ဝေပေးလျက်ရှိသည့် ပင်မရေပိုက်လိုင်းများ ပျက်စီးနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ မေ ၂၅ ရက်က ကြီးကြပ်ပြင်ဆင်ကြစဉ်။

(၂၆၄)

ဒေးဒရဲမြို့နယ် ဗိုလ်ချုပ်လမ်းတစ်လျှောက် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇွန် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ အနေ့ယာဉ်လုပ်သားများ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ငွေလှူဒါန်း ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းစရိတ်ပေးအပ်

နွားထိုးကြီး ဇွန် ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြင်းခြံခရိုင်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီခွဲက အောင်ပန်းကုန်းကျေးရွာအုပ်စု မကျီးကန်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ခန်းမတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့်ဇနီး ဒေါ်ဝေဝေ၊ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာပြည်သူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး မိသားစုနှင့် အလှူရှင် သော်တာဝင်းကုမ္ပဏီ လီမိတက်တို့က မကျီးကန်ကျေးရွာ မူလတန်းလွန် ကျောင်းသူ၊ ကျောင်းသားများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၊ ကျောင်းနေစရိတ်နှင့် ကျောင်းဆောင်သစ်အတွက် ငွေကျပ် သုံးသိန်း၊ ဘိလပ်မြေ ၁၀၀၊ သွပ်အချပ် ၂၀၀ နှင့် အုတ် ၈၅၀၀ကို ပေးအပ်လှူဒါန်းသည်။ အောင်ပန်းကုန်းကျေးရွာ မူလတန်းကျောင်းသူ၊ ကျောင်းသားများအတွက် ကျောင်းသုံးဗလာစာအုပ် ၅၀ နှင့် ကျောင်းနေစရိတ်ကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။ (၉၄)

ပန်းအလှပင်များပျိုးထောင်မှု ကွင်းဆင်းကြီးကြပ်

ရွှေကူ ဇွန် ၁၄

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်များ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရာသို့လက်ထောက်ညွှန်ကြားရေးမှူး ဦးလှသောင်းနှင့် အဖွဲ့သည် မတ် ၂၄ ရက်က ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မြို့ပြသာယာလှပရေးလုပ်ငန်းများဖြစ်သည့် ပန်းအလှပင်များပျိုးထောင်မှု၊ ဂျပန်မြက်များ စိုက်ပျိုးမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

(ပြည်နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် လော်ခွန်ကျေးရွာအုပ်စု နားပန် မူလတန်းကျောင်း၌ ဖွင့်လှစ်ထားသော ပညာ့အလင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံကို သီပေါမြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ကျေးရွာစာကြည့်တိုက် အတွင်းရေးမှူး ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဆိုင်နွမ်းထံ ဇွန် ၆ ရက်က ပေးအပ်လှူဒါန်းစဉ်။ (၂၄၇)

မအူပင်ခရိုင် အမှိုက်ကင်းမဲ့ဇုန်ဖြစ်ရေး စုပေါင်းဆောင်ရွက်

မအူပင် ဇွန် ၁၂

မအူပင်ခရိုင် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၏ ဦးဆောင်မှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်း ခေါင်းဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစိုးနိုင်ဦး(ငြိမ်း) ခေါင်းဆောင်သည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦး ခေါင်းဆောင်သည့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်များအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်နှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုပေါင်း၍ အင်အား ၅၀၀ ခန့်ဖြင့် ဇွန် ၅ ရက်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းညီလာခံ(၂၀၀၅)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ဆောင်ရွက်ရာသို့ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရေလဲမြောင်းမကြီး တူးဖော်ခြင်း၊ ရပ်ကွက် ၁၂ ရပ်ကွက်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းနှင့် အမှိုက်ကင်းမဲ့ဇုန်ဖြစ်ရေးအတွက် ရပ်ကွက်များအတွင်း လှည့်လည် ကွင်းဆင်းကြီးကြပ်ခဲ့သည်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ပညာသင်ထောက်ပံ့ငွေပေးအပ်

မိုးညှင်း ဇွန် ၈

မိုးညှင်းခရိုင် မိုညှင်းမြို့နယ် မိုးညှင်းရဲစခန်းမှ တပ်ဖွဲ့မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ၂၀၀၅-၂၀၀၆ ခုနှစ် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၈ ရက် နံနက် ၈နာရီက မြို့နယ်ရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ စခန်းမှူး ရဲအုပ်အောင်ဇော်မိုးက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ ဒုတိယရဲအုပ်လှငွေ၏ ဇနီး ဒေါ်ခင်ခင်မြင့်က အလယ်တန်းကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ စခန်းမှူး၏ဇနီး ဒေါ်ညိုညိုအေးက အထက်တန်းကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ ဒုတိယရဲအုပ် တင်မောင်လွင်၏ဇနီး၊ ဒေါ်ဒဗလျူနှင်ဇီက မူလတန်းကျောင်းသား၊ကျောင်းသူများအားလည်းကောင်း အသီးသီးပေးအပ်ကြသည်။ (၄၇၉)

ဇွန် ၆ ရက်က ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဟားခါးမြို့ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် မြို့ရေပေးဝေရာတွင် အဓိကရေထွက်ဖြစ်သော ဗားပိဗားချောင်းရေထွက်ကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြော

မော်လိုက် မေ ၃၀

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲကို မေ ၂၉ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့နယ် မော်လိုက်ကလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ကျင်းပရာ အခမ်းအနားသို့ မော်လိုက်မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြန်မာ့စိုက်ပျိုးရေးခရိုင်မန်နေဂျာ ဦးကျော်စန်းက ရွှေဘို(၁) စပါးများ မြို့နယ်အတွင်း မျိုးစပါးအဖြစ် ဖြန့်ဖြူးဆောင်ရွက်ရေး၊ မြို့နယ်မန်နေဂျာ ဦးတင်ဦးကြိုင်က စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရာတွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ မျှတစွာအသုံးပြုရေး၊ မြို့နယ်ဒုတိယမန်နေဂျာ ဒေါ်ခင်ဝင်းစိန်က ရွှေဘို(၁) စပါးစံကွက်ရိတ်သိမ်းမည့် အခြေအနေကိုလည်းကောင်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဦးနေဝင်းက ကျွဲ၊ နွားရောဂါများ ကြိုတင်ကာကွယ်ဆေးများ ထိုးနှံရေး ကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ဌေးက မြေယာဥပဒေနှင့်အညီ စီမံကိန်းသီးနှံများ စိုက်ပျိုးရေးကိုလည်းကောင်း၊ ပြန်/ဆက်ဦးစီးမှူး ဦးညိုအုန်းက စာကြည့်တိုက်ဖွင့်လှစ်ခြင်းဖြင့် အကျိုးသက်ရောက်မှုများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ပညာပေးဟောပြောကြသည်။

ထို့နောက် မော်လိုက်မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့သည် ကျေးရွာဥက္ကဋ္ဌများနှင့် တောင်သူများသည် မော်လိုက်ကလေးကျေးရွာတွင် အစေ့ချစနစ်ဖြင့် စိုက်ပျိုးထားသော ရွှေဘို(၁) စပါး မျိုးသန့်မျိုးပွားလယ်ကွက်တွင် စံကွက်ရိတ်သိမ်းကြရာ တစ်ဧက စပါး တင်း ၁၄၉ ဒသမ ၁၃ တင်း ထွက်ရှိကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ပေါင် မေ ၂၆

ပေါင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၆ရက် နံနက် ၁၁ နာရီက ပေါင်မြို့ ဂွေးပင်ချောင် အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ချစ်က ကျောင်းအပ်နှံမှုအခြေအနေကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က နိုင်ငံတော်၏ ကျောင်းအပ်နှံရေးလုပ်ငန်းများ အခြေအနေကို ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ထို့နောက် လှူဒါန်းငွေနှင့် ပစ္စည်းများကို ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြတို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်ချစ်နှင့် သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးအောင်ချစ်က ကျောင်းသား၊ ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်သည်။

(မြို့နယ်ပြန်/ဆက်)

မော် လ မြိုင်မြို့နယ် မီးသတ်ဦး စီး ဌာ န ၏ ဝန်ထမ်း သားသမီး များ အား ၂၀၀၅-၂၀၀၆ ခု ပညာ သင် နှစ် အတွက် ပညာသင် စ ရိတ် ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၄ ရက်က မြို့နယ် မီးသတ်ဦးစီးဌာန အ စည်း အ ဝေး ခန်းမတွင်ကျင်းပ ရာ မြို့ နယ် မီး သတ် ဦးစီးဌာန မှူး ဦးအောင်ရွှေဝင်း ကျောင်းသူတစ်ဦးအား ထောက်ပံ့ကြေး ပေးအပ်စဉ်။ (၃၀၇)

မေ ၂၉ ရက်က မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာအုပ်စု မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ရွှေနန်းရပ်ကွက်အတွင်း၌ ရေတွင်းရေကန်နှင့် လက်နှိပ်တုံကင်များ သန့်ရှင်းမှု ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ လိုက်လံကြည့်ရှုစစ်ဆေးကြစဉ်။ (၄၉၉)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်၊ ဗီချွမ်နှင့် ကွေ့ကြိုးပြည်နယ်များနှင့် ရှင်ကျန်ဝေဂါ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန် ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်၊ ဗီချွမ်နှင့် ကွေ့ကြိုးပြည်နယ်များနှင့် ရှင်ကျန်ဝေဂါ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြလမ်းရှိ ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းအတွင်းရှိ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ဇွန် ၁၄ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပမ္မဝတီမြစ်ကူးတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်နေသည့် ပုသိမ်–ကံကုန်း– မြင်းကဆိပ်–မြောင်းမြလမ်းရှိ ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဒေါ်စီသန်းက တံတားနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ပင်မတံတားနှင့် ချဉ်းကပ်တံတားတည်ဆောက်ခြင်း လုပ်ငန်းအပိုင်းတွင် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စီမံကိန်း လျာထားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စံချိန်စံညွှန်းနှင့်အညီ သတ်မှတ် ကာလတွင် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)သည် အရှည်ပေ ၁၂၆၀ရှိ ဘေလီသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဇွန် ၁၅

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ ကယား ပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။